# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၃)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၉ ရက် ၊ ၁၁-၁-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်

# ပြည်တွင်း ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံများစိုက်ပျိုး

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် ဧရာသီရိသုခခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ✰

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

**မနက်ဖြန်မွန်းတည့် ချိန်အထိ ခန့်မှန်းချက်မှာ** ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့။
မန္တလေး နေ့စဉ်

## အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးလျက်ရှိ

မြန်မာနိုင်ငံတွင် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းပေါင်း ၆၁ ကျောင်းရှိပြီး ဇန်းမော်၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ ထားဝယ်၊ မြိတ်၊ မအူပင်တို့တွင်ရှိသည့် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များကို ပေါင်းစည်းကာ Polytechnic University များအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ နေပြည်တော်၌ Naypyitaw State Polytechnic University ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ယခုဖွင့်လှစ်သည့် ကချင်ပြည်နယ်နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ကို Polytechnic University အဖြစ် ကိုးကျောင်းမြောက် ဖွင့်လှစ်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အကျိုးကျေးဇူးများရရှိမည့် Polytechnic University ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်းကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းကောင်းများရရှိခံစားရမည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း၊ မျက်မှောက် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့်နည်းပညာများအရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် ပညာမဏ္ဍိုင်ကြံ့ခိုင်မှသာ မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးကိုအခြေခံပြီး ကာယ၊ ဉာဏ၊ သောဂ၊ စာရိတ္တနှင့် မိတ္တဟူသည့် ဗလငါးတန်ကို ပြည့်စုံအောင်ဖြည့်ဆည်းကြရမည့်အပြင် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံကိုအကျိုးပြုမည့် လက်တွေ့ကျသော လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပေးမည့် Polytechnic University (MYITKYINA)ကိုလည်း ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် Polytechnic University (MYITKYINA) ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Polytechnic University (MYITKYINA) ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ Polytechnic University မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

Polytechnic University (MYITKYINA)ကို နိုင်ငံနှင့် ဒေသအကျိုးပြု အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ရန် ဘွဲ့သင်တန်းခြောက်မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး နှစ်စဉ်နည်းပညာကျောင်းသား ၁၆၀ နှင့် ကွန်ပျူတာကျောင်းသား ၁၂၀ စုစုပေါင်း ၂၈၀ ကို လက်ခံခေါ်ယူ၍ ပညာသင်နှစ်အလိုက်နည်းပညာကျောင်းသား ၈၀၀ နှင့် ကွန်ပျူတာကျောင်းသား ၄၈၀ စုစုပေါင်း ၁၂၈၀ တက်ရောက်ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ချောင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မေဂျာပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ယခုပညာသင်နှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ စတင်တက်ရောက် ပညာသင်ယူကြမည့် မောင်မယ်သစ်လွင်များကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မောင်တို့ မယ်တို့အနေဖြင့် ဗလငါးတန်နှင့် ပြည့်ဝစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတများကိုလည်း အမြဲမပြတ်လေ့လာသင်ယူကြရန်လိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဝင်းစန္ဒာက အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်း လိုက်နာရမည့် ကျောင်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် မောင်မယ်သစ်လွင်များကို ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စိုးသူအောင်**

၀-၀-၀-၀-၀

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ကျောက်ဆည်မြို့နယ်၌ စားအုန်းဆီ တစ်ပိသာလျှင် ငွေကျပ် ၇၁၅၀ ဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများစားနပ်ရိက္ခာဖူလုံရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အပတ်စဉ် စားအုန်းဆီများ ရောင်းချပေးလျက်ရှိရာ ယခုအပတ်တွင် ကျေးရွာ ၁၈ ရွာနှင့် ရပ်ကွက် တစ်ရပ်ကွက်တို့တွင် စားအုန်းဆီ တစ်ပိသာလျှင် ငွေကျပ် ၇၁၅၀ ဖြင့် ရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချပေးရာတွင် ဝယ်ယူသူများအဆင်ပြေစေရေး ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင် စားသုံးဆီရောင်းဝယ်ရေးဆိုင် ခုနစ်ဆိုင်မှ ပြည်သူများအား ဆီဝယ်ယူခွင့်စာအုပ်တစ်အုပ်လျှင် နှစ်ပိသာနှုန်းဖြင့် စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့သည်။ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် စားအုန်းဆီများ ရောင်းချရာတွင် စားအုန်းဆီ တင်သွင်းသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများကို သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြည်သူများလက်ဝယ်သို့ မြန်ဆန်စွာရောက်ရှိရေး စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)
(၄၈၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ် စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကန်ကြီးထောင့်မြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်ကြီးထောင့်မြို့နယ်အတွင်း ရွေးကောက်ပွဲအပိုင်း (၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိမှု၊ ဆီထွက်သီးနှံများပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)မျိုးများ စိုက်ပျိုးလျက်ရှိမှု၊ သဘာဝ မြေဩဇာဖြစ်သည့် ပိုက်ဆံလျှော်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အတွက် နိုင်ငံ့စီးပွားရေး ရန်ပုံငွေများ ထုတ်ချေးပေးပြီး သွင်းအားစုများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ မီးလင်းရေးအတွက် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**❖ ကန်ကြီးထောင့်ဒေသသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေကြခြင်းဖြစ်၊ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေးဆောင်ရွက်သွားကြရမည်**

**❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များအလိုက် ဖွင့်လှစ်သင်ပေးလျက်ရှိပြီး ထပ်မံပြီး တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

**❖ အဆိုပါကျောင်းများမှ ဒေသကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရပ်များကို ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိမည်**

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အကြီးအကဲအနေဖြင့် ရောဝတီတိုင်းဒေသကြီး အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုများအတွက် ဒေသခံပြည်သူများ အနေဖြင့် ကျေးဇူးတင်ရှိလျက်ရှိမှု၊ ကန်ကြီးထောင့်မြို့ရှိ ပြည်သူ့ဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု အခြေခံပညာ အထက်တန်းကျောင်းရှိ နယ်ဝေးမှ ဆရာ ဆရာမများအတွက် အဆောင်ဆောက်လုပ်ပေးစေလိုမှုနှင့်သိပ္ပံဆောင်အား အဆင့်မြှင့်တင်ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ လူထုအပန်းဖြေနေရာနှင့် ရိုးရာပွဲတော်များ ကျင်းပရာနေရာဖြစ်သည့် ကမ်းသာယာ ကမ်းနားလမ်းနေရာ၌ ရေတိုက်စားမှုလျော့ပါးစေရေး ကမ်းထိန်းနံရံ တည်ဆောက်ပေးစေလိုမှု၊ မြို့အနောက်ဘက်ရှိ မြို့လယ်-ပဒေါင်းပိုင်း - ဝိတောက်ပင် ဆက်သွယ်ထားသည့် လမ်းအား ဆက်လက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ လဟာကလူ ကျေးရွာအုပ်စု၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းယားအရှေ့ကျေးရွာအုပ်စု၊ ထန်းပင်ကျေးရွာအုပ်စု၊ ကျူတန်းကျေးရွာအုပ်စု၊ မိချောင်းတစ်ရာကျေးရွာ အုပ်စုတို့ရှိ နွေစပါးစိုက်ဧက ၇၀၀ ခန့်အား အကျိုးပြုနိုင်မည့် သရက်ချောင်း-လဟာကလူ တူးမြောင်းအရှည် ၄ ဒသမ ၅ မိုင် တူးဖော်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင်ပါဝင်သည့် မြို့သာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် အများပြည်သူအကျိုးရှိစေမည့် အချက်အလက်များအပေါ်စိစစ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်းတို့က တင်ပြချက်များတွင် ပါဝင်သည့် သရက်ချောင်း- လဟာကလူ တူးမြောင်း တူးဖော်ခြင်းလုပ်ငန်း အပိုင်း(၁)အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး အပိုင်း(၂)ကို ဦးစားပေး အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးအား တိုးမြှင့်စိုက်ပျိုးသွားရန် အကြံပြုတိုက်တွန်းလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုမှုနှင့် သွင်းအားစုလိုအပ်ချက်များ အပေါ် နိုင်ငံတော်မှလည်း စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး) အား နှစ်ရှည်သီးနှံ ဥယျာဉ်ခြံများအတွင်း စိုက်ပျိုးဆောင်ရွက်နိုင်ပြီး လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ ကန်ကြီးထောင့်သည် လမ်းပန်းဆက်သွယ်မှု အချက်အချာကျပြီး အုပ်ချုပ်မှုလွယ်ကူသည့် ဒေသတစ်ခုဖြစ်သဖြင့် မြေယာအသုံးချမှုများကို အကျိုးရှိရှိဖြစ်စေလိုမှုနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်ရန်လိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာအတတ်ပညာများ ရရှိစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကန်ကြီးထောင့်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များအား အဆင့်မီ ထုတ်လုပ်၍ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံနိုင်မှု၊ စက်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကန်ကြီးထောင့်ဒေသသို့ မိမိအနေဖြင့် ပထမဆုံးရောက်ရှိခြင်းဖြစ်ကြောင်း၊ မြို့အနေဖြင့် သန့်ရှင်းသပ်ရပ်စွာဖြင့် မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်ရသည့် အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်ချိန်တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားလျက်ရှိသည့်အချိန် ဖြစ်ပြီး နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများကြောင့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများကို ကျော်လွှားခဲ့ရကြောင်း။

အလားတူ နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက်စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ စတင်တာဝန်ယူချိန်တွင် ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားရေး တိုးတက်အောင် တတ်နိုင်သလောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတွင်နေထိုင်သည့် ပြည်သူများအားလုံး၏ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှသာ နေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုထက် ပိုမိုတိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

ကန်ကြီးထောင့် ဒေသသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များအလိုက် ဖွင့်လှစ်သင်ပေးလျက်ရှိပြီး ထပ်မံပြီး တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများမှ ဒေသကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရပ်များကို ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသား အရင်းအမြစ်များ ပေါ်များကြွယ်ဝစေရေး ပညာရေးကဏ္ဍမြှင့်တင်ခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေသိရှိရန်နှင့် လိုက်နာရန် အရေးကြီးပြီး ဥပဒေဆိုင်ရာ အသိအမြင်များကို နိုင်ငံသားတိုင်း သိရှိနားလည်နိုင်ရန် လိုအပ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

**★ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါ်များကြွယ်ဝစေရေး ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**★ ဒီမိုကရေစီစနစ်တွင် ဥပဒေသိရှိရန်နှင့်လိုက်နာရန် အရေးကြီးပြီး ဥပဒေဆိုင်ရာ အသိအမြင်များကို နိုင်ငံသားတိုင်း သိရှိနားလည်နိုင်ရန် လိုအပ်**

**★ စီးပွားရေးအသိအမြင်များကိုလည်း နိုင်ငံသားတိုင်း သိရှိနားလည်နေမည်ဆိုပါက တစ်ဦးချင်းစီမှစ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုအထောက်အကူဖြစ်လာစေမည်**

ထို့ပြင် စီးပွားရေးအသိအမြင်များကိုလည်း နိုင်ငံသားတိုင်း သိရှိနားလည်နေမည်ဆိုပါက တစ်ဦးချင်းစီမှစ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေ၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာများရရှိစေရေး တက္ကသိုလ်တိုင်းတွင် ဥပဒေဘွဲ့ BA(Law)၊ စီးပွားရေးဘွဲ့ BA(Eco) များအတွက် သင်ကြားပေးလျက်ရှိကြောင်း။

ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေတွင် အခြေခံပညာမူလတန်းကို မသင်မနေရစနစ် သတ်မှတ်ထားသော်လည်း ပညာခေတ်ကာလနှင့် ခေတ်ကာလအခြေအနေအရ မိမိတို့ အစိုးရလက်ထက်တွင် အခြေခံပညာအလယ်တန်း (KG+9) ပြီးသည်အထိ နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုများရှိခဲ့ပြီး ဆက်လက်၍ ထိရောက် ကျယ်ပြန့်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများ တိုးတက်အောင် အလေးထား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကန့်ကြီးထောင့်မြို့နယ် အတွင်း ပညာတတ်များ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကိုလည်း သင်ကြားနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများမြင့်မားတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့သားသမီးများ၏ဘဝတိုးတက်စေရေး၊ မိမိတို့၏ဘဝထက် ပိုမိုတိုးတက်စေရေး ပညာရေးကို အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုကို အထောက်အကူပြုစေရန်နှင့် ဆရာ ဆရာမများအား မဟာဘွဲ့နှင့် အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် ပညာရေးဒီဂရီကောလိပ်အချို့ကို ပညာရေးတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာအောင်လည်း နေထိုင်စားသောက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီမှုကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ထို့ကြောင့် တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်တွင်း ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံများကို စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ကန့်ကြီးထောင့်မြို့နယ်အတွင်း ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးသည်ဟုသိရှိရပြီး ပေါ်ဆန်းမွှေးဆန်သည် တန်ဖိုးမြင့်သည့် အမျိုးအစားဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မွေးမြူရေးနှင့် ပတ်သက်ပြီး ကန့်ကြီးထောင့်မြို့နယ် အတွင်း ဥစားကြက်၊ ငါး၊ ဘဲ၊ နွားတို့ကို မွေးမြူသည်ဟု သိရှိရကြောင်း၊ နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေဩဇာများကို ရရှိနိုင်ကြောင်း၊ ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ကာကွယ်နိုင်သည့် အရိပ်ရပင်များ၊ လေကာပင်များကိုလည်း စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသအတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုလျင်မြန်စေရေးနှင့် သွားလာမှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီရက်ပိုင်းတွင်လည်း ရွေးကောက်ပွဲ အပိုင်း(၂)ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူများ၊ ဒေသ၏ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်လာအောင်ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားမှုရှိသူများအား ရွေးချယ်၍ ဆန္ဒမဲများပေးကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကောလိပ်ဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ်ရှိ ပညာရတနာခန်းမနှင့် ကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ခန်းမအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ကောလိပ်အတွင်း သန့်ရှင်းသာယာလှပရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် သစ်ပင်ကြီးများကို အောက်ခြေရှင်း အလင်းဖွင့်ခြင်းများ ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများကိုလည်း လိုအပ်သည့်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်၍ အကျိုးရှိရှိ အသုံးချသွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ် စာကြည့်တိုက်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာကြည့်တိုက်အတွင်း စာအုပ်စာပေများ အမျိုးအစားစုံလင်စွာ ဖြည့်တင်းထားရှိရန် လိုကြောင်း၊ အထူးသဖြင့် သင်ကြားရေးအထောက်အကူပြု စာအုပ်များ ထားရှိပါက သင်တန်းသားများအတွက် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ စာအုပ်စင်များ၊ ဗီရိုများ စနစ်တကျဖြစ်ရန်နှင့် စာအုပ်စာပေများကိုလည်း စနစ်တကျ ထိန်းသိမ်းကိုင်တွယ်အသုံးပြုကြရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စာကြည့်တိုက်စနစ်တကျဖြစ်စေရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမှတ်(၆)စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် အမှတ်(၆)စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၏ ၂၀၂၅-၂၀၂၆ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

အဆိုပါ ပညာရည်ချွန်ဆုပေးပွဲသို့ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒ၏ ပစ္စည်းလေးပါး ဒါယကာ+ဒါယိကာမများနှင့် အစ်မတော် စောမွန်လှ၏ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များ တက်ရောက်ခဲ့ကြသည်။

အထူးဧည့်သည်တော်များအနေဖြင့် ခရိုင်မီးသတ်မှူး ဦးမင်းမင်းစိုး၊ မြို့နယ်လဝကမှူး ဦးရဲမင်းထွန်း၊ စောမွန်လှပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်ငွေ+ဒေါ်ကြူကြူမြင့်(လနတ်သားကျောက်မျက်ကုမ္ပဏီ)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်း(ထိုင်ဝမ်အထည်ဆိုင်-ဈေးချို)၊ ကျောင်းအမကြီး ဒေါ်ခင်သီတာထွန်း(တိုင်းအသင်းစုချုပ်၏ညီမ)၊ မနုနုလှ(WHITE ROSE ကွန်ပျူတာ)ဘုရားဒါယိကာမ မယုယုငြိမ်း၊ ဦးခင်မောင်မြင့် စည်ပင်(ငြိမ်း)နှင့် ဧည့်သည်တော်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဓာနနာယက ကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက ဦးစွာဩဝါဒစကားချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကာ ထူးချွန်ထက်မြက်သော ဆရာမများ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

အဆိုပါ ပညာရေးကျောင်းသို့ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၂၀၃၂၂၄၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသိန်းသန်းသွင်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် တက္ကသိုလ်စည်းမျဉ်းစည်းကမ်းများ၊ သင်ကြားပို့ချပေးသည့် ကွန်ပျူတာဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပထမနှစ် ကျောင်းသား၊ ကျောင်းသူများထဲမှ မောင်မယ်တစ်ဦးစီရွေးချယ်၍ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် မောင်မယ်ဟောင်းများက သရဖူနှင့်စလွယ်တို့ကို လွှဲပြောင်းပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက တေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၅၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၃၄၀)

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး** NGB

| | | | | |
|---|---|---|---|---|
| ဟိုင်ဒန်ဟိမ်း | ၂ | - | ၂ | ကိုလုံး |
| ဖရိုင်းဘတ် | ၂ | - | ၁ | ဟမ်းဘတ် |
| ယူနီယံဘာလင် | ၂ | - | ၂ | မိန့်ဇ် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး** NGB

| | | | | |
|---|---|---|---|---|
| အူဒီးနိစ် | ၂ | - | ၂ | ပီဇာ |
| ကိုမို | ၁ | - | ၁ | ဘိုလော့ဂ်နာ |

# မန္တလေးမြို့ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး ဇန်နဝါရီ ၁၀**

မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် အတွင်းရေးမှူးတို့ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီးနောက် ရွှေစင်ရွှေသားအတိ မဟာမုနိရုပ်ပွားတော်မြတ်နှစ်ဆူ တည်ထားကိုးကွယ် အပူဇော်ခံထားရှိသွားရန်နေရာ၊ မဟာမုနိဘုရားကြီး ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားအတွက် မင်္ဂလာမဏ္ဍပ် တည်ဆောက်မည့်နေရာ၊ ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဂန္ဓကုဋိတိုက်ရှိ ခုံးများ တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းများအမြန်ဆုံးပြီးစီးရန် အလေးထားကာ စနစ်တကျကြပ်မတ်



ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ အလည်ရွာကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က မိတ္ထီလာမြို့နယ် အတွင်းရှိ အလည်ရွာကျေးရွာ အဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ အလည်ရွာကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ဖြည့်စွက်ရန်ပုံငွေ ၅၆၉ ဒသမ ၂၄၂ သန်းဖြင့် လမ်းအရှည် ၁ ဒသမ ၆၀၉ ကီလိုမီတာ၊ လမ်းအကျယ် ၃ ဒသမ ၆၆ မီတာ၊ ထု ၃၂၅ မီလီမီတာရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁ ဒသမ ၅၂ မီတာ၊ အကျယ် ၇ ဒသမ ၃၂ မီတာ၊ အမြင့် ၁ ဒသမ ၂၂ မီတာရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇန်နဝါရီ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)

## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာအုပ်စု၊ တပ်မတော်အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါ အိမ်ရာရှိ မွေ့ရာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပက်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပေးပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Suga @ Min Yoongi ၏ Dear My Friend ဂီတမှာ သူငယ်ချင်းအတွက် ရေးစပ်ခဲ့



အောင်မြင်နေသော အနုပညာရှင်တစ်ဦး၏ ခက်ခဲလွန်းသည့် ငယ်ဘဝတွင် အချစ်ရဆုံး သူငယ်ချင်း ဆုံးရှုံးမှုကို ဆူဂါ (ခေါ်) မင်ယွန်းဂီက Agust D 2 အယ်လ်ဘမ်တွင် Dear My Friend သီချင်းကို ရေးစပ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိပ်မက်များ ပွေ့ပိုက်ထားသည့် အသက်နှစ်ဆယ် သူငယ်ချင်းနှစ်ယောက် ရုတ်တရက် အဆက်အသွယ်ပြတ်ခဲ့ပြီး အမည်မသိ ဖုန်းစိမ်းကို သူငယ်ချင်းမိဘများထံမှရရှိပြီး လူငယ်ထိန်းသိမ်းရေးစခန်း ပြေးခဲ့ရကာ အပတ်တိုင်း ထောင်ဝင်စာတွေ့ရန် သုံးနာရီကြာခရီးကို တစ်ဦးတည်း အမြဲသွားခဲ့ရသည်။

နှင်းဝေ၍ အေးခဲသည့် ဆောင်းရာသီတွင် လွတ်ရက်စေ့၍ သွားကြိုရင်း တို့ဟူးဖြူတစ်ခုယူသွားခဲ့သော်လည်း ဆေးစွဲနေသော သူငယ်ချင်းက မကောင်းဆိုးဝါးဖြစ်ခဲ့ကာ သူ့ကို တားနိုင်ခဲ့လျှင် အရင်အတိုင်း တည်ရှိမှုပြန်ဖြစ်ခဲ့မည်မှာ မသေချာသော်လည်း သူ့ကို စိတ်နာခဲ့မိကြောင်း ရေးထားခြင်း ဖြစ်သည်။

(SKY)



## အရက်သောက်လျှင် ခံတွင်းကင်ဆာဖြစ်ပွားမှုနှုန်းကို မြင့်မားစေနိုင်

အိန္ဒိယနိုင်ငံတွင် တစ်နေ့လျှင် အရက်တစ်ခွက်ခန့် ပမာဏမျှသာရှိသော အသင့်အတင့် သောက်သုံးခြင်းသည်ပင် ခံတွင်းကင်ဆာဖြစ်နိုင်ခြေကို သိသိသာသာ မြင့်တက်စေနိုင်ကြောင်း မကြာသေးမီက တွေ့ရှိခဲ့သည်။

မကြာသေးမီက ထုတ်ဝေသော ဘီအမ်ဂျေ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးဂျာနယ်တွင် ဖော်ပြသည့် ကျယ်ပြန့်သော သုတေသနပြုချက်အရ နေ့စဉ် အရက်ပမာဏအနည်းငယ် သောက်သုံးခြင်းသည် ခံတွင်းကင်ဆာဖြစ်ပွားမှုနှုန်းနှင့် သိသိသာသာ ဆက်စပ်နေသည်ဟု ဆိုသည်။

တစ်နေ့လျှင် အရက်ကိုးဂရမ် (ပုံမှန် အရက်တစ်ခွက်စာပမာဏခန့်)သောက်သုံးခြင်းသည်ပင် ကင်ဆာဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်စေသည်ဟု ဆိုသည်။

အရက်သောက်ခြင်းနှင့် ဆေးရွက်ကြီးငုံခြင်းကို တွဲဖက်လုပ်ဆောင်ပါက ဆိုးကျိုးမှာ ပိုမိုကြီးမားလာသည်။ အိန္ဒိယတစ်နိုင်ငံလုံးရှိ ပါးစပ်အတွင်းသား ကင်ဆာဖြစ်ပွားမှုအားလုံး၏ ၆၂ ရာခိုင်နှုန်းခန့်မှာ ထိုသို့ တွဲဖက်သုံးစွဲခြင်းကြောင့် ဖြစ်နိုင်သည်ဟု သုတေသီများက ခန့်မှန်းထားကြသည်။

(SCI)

## Jimin ၏ Dior ဖက်ရှင်ပွဲတက် ပရိသတ်ကြား ရေပန်းစားခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင် (ခေါ်)ပတ်ဂျီမင်သည် Dior ပွဲတက်ရောက်ရာတွင် ပွဲတက်ဖက်ရှင်စတိုင်လ်ကြောင့် ပရိသတ်ကြား ရေပန်းစားခဲ့ပြီး Dior အတွက် Post Engagement Rate ပေါင်းများစွာ ရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီမင်သည် Dior အတွက် IG Post တစ်ခုတင်ရုံနှင့် GBA Post နှစ်ခုပေါင်းစာထက် သာသည့် EMV နှုန်း တက်ခဲ့၍ Dior ကို Tag တွဲတင်သဖြင့် EMV စုစုပေါင်း များစွာရရှိထားသည်။

ယခင်နှစ်ကလည်း ဂျီမင်က Dior အတွက် Post တစ်ခုတင်ခဲ့ရာ $ 17 M EMV ရရှိခဲ့ကာ စံချိန်တင်နိုင်ပြီး ၂၀၂၅ ခုနှစ် Dior ဖက်ရှင်ပွဲတွင်ပါ Dior အတွက် အကောင်းဆုံးလုပ်ပေးနိုင်ခဲ့သည်။

ဂီတတွင်သာမက တစ်ကိုယ်တော်ဂီတနှင့် ဆုများစွာ ဆွတ်ခူးထားကာ Dior သံတမန် ဖက်ရှင်ဘုရင်အဖြစ် ဂျီမင်က ပြသပေးခဲ့၍ ပရိသတ်ကြား သူ့ဖက်ရှင်စတိုင်လ်မှာ ရေပန်းစားခဲ့သည်။

(SKY)

## Wu Lei က Dongji Island ဂန္ထဝင်သုန်ကျီကျွန်းတွင် ပါဝင်ထား

ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသည့် Dongji Island ဂန္ထဝင်သုန်ကျီကျွန်းတွင် လူငယ်မျိုးဆက်သစ် အနုပညာရှင် ဝူလိန်က ဝါရင့်မင်းသမီးကြီး ကျူရီလောင်နီနီ စသည့် အကယ်ဒမီဆုရှင်များနှင့်အတူ ပါဝင်ထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်လမ်းတွင် ၁၉၄၂ ခုနှစ် ဗြိတိသျှစစ်သုံ့ပန်း အယောက် ၁၈၀၀ ကျော်ကို သယ်ဆောင်ခဲ့သည့် ဂျပန်သင်္ဘောကြီး တရုတ်ပြည်၊ ကျိုးရှန်းပင်လယ်နယ်နိမိတ်တွင် အမေရိကန်၏ ပစ်ခတ်မှုနှင့် နစ်မြုပ်ခဲ့ရာမှ အယောက်သုံးရာကို သုန်ကျီကျွန်းမှ ငါးဖမ်းသမားများက ကယ်တင်ပေးခဲ့ကြသည်။

ငါးဖမ်းသမားလူငယ်နှစ်ဦးမှာ ပင်လယ်နယ်နိမိတ်တွင် ရရာရှာရင်း ရေငုပ်ခဲ့ရာမှ သင်္ဘောကြီး၏ မွန်းကြပ်ဖွယ်ဖိအားကို ခံစားခဲ့ရသည်။ မကြာမီ ဗြိတိသျှစစ်သုံ့ပန်း ၁၈၁၆ တင်ဆောင်လာသည့် ဂျပန်သင်္ဘောကြီး ပစ်ခတ်ခံခဲ့ရပြီး စစ်သုံ့ပန်းများ ရေနစ်သည့် အဖြစ်ဆိုးကြီးနှင့် ဂျပန်စစ်တပ်တို့၏ ရက်စက်ဖွယ် မြင်ကွင်းက ရဲရင့်သည့် ဇာတိမာန်များပေါ်ထွက်လာပြီး သမိုင်းတွင် ကျန်ရစ်သည့် ဇာတ်လမ်းတစ်ပုဒ်ပေါ်ထွက်လာခဲ့သည်။

(SKY)




## Running Man မှ Kim Jong Kook မင်္ဂလာဦး အိမ်ဝယ်ယူထား

အဆိုတော် အနုပညာရှင် Running Man အဖွဲ့ဝင် ကျားကြီး(ခေါ်)ကင်ဂျောင်ကုသည် မင်္ဂလာဦးအတွက် အိမ်ဝယ်ထားကာ ဧည့်သည်တော်များကို တစ်ရက်အလိုမှ မင်္ဂလာပွဲဖိတ်၍ သိုသိပ်စွာ ကျင်းပခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လျှို့ဝှက်ချက်များစွာနှင့် မင်္ဂလာပွဲကို ကျင်းပခဲ့ရာ တစ်ရက်အလိုမှ ဧည့်သည်တော်များကို မန်နေဂျာအသိမပေးဘဲ လာရန်နှင့် အရင်းနှီးဆုံးဧည့်သည်တော်များကိုသာဖိတ်ပြီး ဂန်နမ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

ကင်ဂျောင်ကု၏ သတို့သမီးမှာ အသက် ၃၈ နှစ် Cosmetic Company CEO, LA ဆရာမဟု ကောလာဟလ ထွက်ခဲ့သော်လည်း ဖြေရှင်းခြင်းမရှိဘဲ မင်္ဂလာဦးနေအိမ်ကို ဂန်နမ်ရှိ စတုရန်းပေ ၂၃၀ ရှိ Villa တစ်လုံးကို ဝမ် 6.2 Billion နှင့် ငွေသားနှင့် ပေးချေဝယ်ယူထားပြီး ဇနီးမောင်နှံနှစ်ဦး နေထိုင်ရန် စီစဉ်ထားသည်။

(SKY)





## Jennie , Kai နှင့် V တို့ သုံးဦး ပဲရစ်ဖက်ရှင်ရှိုးပွဲ အတူတက်ရောက်ခဲ့ကြ

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်းနီ၊ အိပ်ဇိုမှ ကိုင်နှင့် ဘီတီအက်စ်မှ ဗွီတို့ သုံးဦးသား Paris Fashion Week သို့ လေယာဉ်အတူစီး၍ တက်ရောက်ခဲ့ကြသဖြင့် ပရိသတ်စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ဖြစ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါခရီးစဉ်ကို ပရိသတ်စိတ်ဝင်စားကြသည့်အကြောင်းမှာ ဂျင်းနီသည် အိပ်ဇိုမှ ကိုင်နှင့် Dispatch သတင်းမီဒီယာမှ ဖော်ပြချက်အရ ချစ်သူများဖြစ်ခဲ့ကြပြီး လက်ရှိ လမ်းခွဲခဲ့ကာ ဘီတီအက်စ်မှ ဗွီနှင့်လည်း သတင်းထွက်ရှိထားသောကြောင့် ဖြစ်သည်။

ပဲရစ်ဖက်ရှင်ပွဲတက် အနုပညာရှင်များအနက် Celine သံတမန် ဗွီ၏ ပွဲတက်ဝတ်စုံ ခြောက်မျိုးနှင့် စတိုင်လ်ကျကျ ဖက်ရှင်ကြောင့် ဖက်ရှင်ဘုရင်ဟု သတ်မှတ်ခံခဲ့ရသည်။

(SKY)

## Oprah Winfrey က ၂၅ နှစ်အတွင်း လူပေါင်းခြောက်သောင်းကျော်ကို ထောက်ပံ့ခဲ့

အမေရိကန်တွင် အကျော်ကြားဆုံး ရုပ်သံထုတ်လွှင့်သူ အိုပရာဝင်းဖရေးသည် ၂၅ နှစ်ကြာ အစီအစဉ်တင်ဆက်ပြီး အနားယူခဲ့ရာမှ ဂုဏ်ပြုပွဲတွင် ဆင်းရဲသား ခြောက်သောင်းငါးထောင်ကို တိတ်တဆိတ် ထောက်ပံ့ပေးခဲ့ကြောင်း သိရှိခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ထောက်ပံ့မှုကို သူဝင်ငွေထဲမှ မည်သူကိုမျှ အသိမပေးဘဲ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး အထောက်အပံ့ရရှိသူ ငါးဦးမှာ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်တွင် ပါမောက္ခများဖြစ်လာခဲ့ကြပြီး 'အိုပရာ၏ အထောက်အပံ့သာ မရလျှင် ဒီနေရာနှင့် လွဲပြီး အခြားတစ်နေရာရောက်တော့မှာဖြစ်တယ်'ဟု ရင်ဖွင့်ပြောကြားထားသည်။

အိုပရာဝင်းဖရေး၏ ဂုဏ်ပြုပွဲသို့ သူထောက်ပံ့ပေးခဲ့သူများ တက်ရောက်ခဲ့ကြပြီး ဖယောင်းတိုင်မီးများ ထွန်းညှိပေးခဲ့ကြရာ ချီကာဂိုမြို့ရှိ ဘောလုံးကွင်းတစ်ခု တောက်ပခဲ့သည့်နေ့ ဖြစ်ခဲ့သည်။

(SKY)



## တရုတ်-ကမ္ဘောဒီးယား ဘူမိရုပ်သွင်ဆိုင်ရာ ပူးတွဲသုတေသန ပူးပေါင်းဆောင်ရွက်မှု၏ စံပြနမူနာအဖြစ် အသိအမှတ်ပြုခံရ



**ဖနွမ်းပင် ဇန်နဝါရီ ၁၀**

တရုတ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့အကြား ဘူမိရုပ်သွင်ဆိုင်ရာပူးတွဲသုတေသနကို ကုလသမဂ္ဂက တောင်ပိုင်း-တောင်ပိုင်း ပူးပေါင်းဆောင်ရွက်မှု၏ စံပြနမူနာတစ်ခုအဖြစ် အသိအမှတ်ပြုလိုက်ပြီး ၎င်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရာတွင် အရည်အသွေးမြင့်မားသော ပူးပေါင်းဆောင်ရွက်မှုနှင့် သိသာထင်ရှားသောပံ့ပိုးကူညီမှုဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာ့စ်ဖြစ်စဉ်သည် ကာဗွန်နိတ်ကျောက်များ ရာသီဥတုဒဏ်ကြောင့် ပျက်စီးခြင်းနှင့် ကာဗွန်သိုလှောင်ခြင်းတို့မှ တစ်ဆင့် ကာဗွန်စုပ်ယူမှုတွင် အရေးပါသောကဏ္ဍမှ ပါဝင်သောကြောင့် ကာဗွန်သံသယဖြစ်စဉ်နှင့် နီးကပ်စွာ ဆက်နွှယ်လျက်ရှိသည်။

ပူးတွဲသုတေသနကို ဦးဆောင်သူ တရုတ်ဘူမိသိပ္ပံအကယ်ဒမီ၊ ကာ့စ်ဘူမိဗေဒဌာနမှ ပရော်ဖက်ဆာ လီချန့်က ကာ့စ်ဖြစ်စဉ် အပေါ်အပူချိန်၏ သက်ရောက်မှုမှာ ရာသီဥတုအလိုက် ကွဲပြားကြောင်း ပြောကြားသည်။

တရုတ်-ကမ္ဘောဒီးယား ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တိုက်ဆိုင်မှုတစ်ခုမဟုတ်ဘဲအနာဂတ်တွင် စိမ်းလန်းသော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန် နှစ်နိုင်ငံအကြား ဘုံသဘောတူညီချက်၏ လက်တွေ့ကျသော ပြယုဂ်တစ်ခုဖြစ်ကြောင်း လီက ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂ၏ အသိအမှတ်ပြုမှုသည် ကာဗွန်မျှခြေကို ထိန်းသိမ်းရန်အတွက် ပူးပေါင်းသုတေသနပြုခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြနေကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံး အမျိုးသားဘူမိဗေဒ ဓာတ်ခွဲခန်း တည်ဆောက်ရာတွင် တရုတ်နိုင်ငံက ကူညီပေးခဲ့သော်လည်း ကျွမ်းကျင်မှု လိုအပ်ချက်များကြောင့် သုတေသနလုပ်ငန်းများ နှောင့်နှေးခဲ့ရသဖြင့် ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သော ယင်းပူးတွဲသုတေသနသည် ကာ့စ်ဘူမိရုပ်သွင်၏ ကာဗွန်စုပ်ယူမှုဆိုင်ရာ လေ့လာချက်များကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဖိလစ်ပိုင်အလယ်ပိုင်းတွင် အမှိုက်ပုံကြီး ပြိုကျမှုကြောင့် ဝန်ထမ်း ဒါဇင်နှင့်ချီ၍ မြေပိသဖြင့် လေးဦး သေဆုံး

**မနီလာ ဇန်နဝါရီ ၁၀**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် အမှိုက်ပုံကြီးပြိုကျမှုကြောင့် အမှိုက်ပုံဝန်ထမ်း ဒါဇင်နှင့်ချီ၍ မြေပိခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ကယ်ဆယ်ရေးသမားများက အပျက်အစီးများကြား၌ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေတူးဖော်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စီဘူးစီးတီးရှိ ပုဂ္ဂလိကပိုင် ဘီနာလီယူး အမှိုက်ပုံတွင် ယခင်သီတင်းပတ်နှောင်းပိုင်းက အထပ် ၂၀ ခန့် မြင့်မားသည့် အမှိုက်တောင်ကြီး ပြိုကျခဲ့သဖြင့် သန့်ရှင်းရေးဝန်ထမ်း ၅၀ ခန့် မြေပိခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကောင်စီဝင်တစ်ဦးက ခန့်မှန်းသည်။

ကယ်ဆယ်ရေးသမားများသည် အပျက်အစီးများကြားတွင် ရှာဖွေမှုများ ပြုလုပ်နေစဉ် ထပ်မံပြိုကျနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း စီဘူးကယ်ဆယ်ရေးသမား ဂျိုရေးစ်က ထုတ်ဖော်ပြောကြားသည်။

လက်ရှိအချိန်အထိ ကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသော်လည်း အမှိုက်ပုံမှာ အချိန်မရွေး ရွေ့လျားနေသည့်အတွက် လုပ်ငန်းစဉ်များကို ခေတ္တရပ်နားထားရသည့် အခြေအနေများရှိကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောရိုင်းမြေများကို လောင်ကျွမ်းစေခဲ့သော တောမီးကို ထိန်းချုပ်ရန် ဩစတြေးလျမီးသတ်သမား ထောင်ပေါင်းများစွာ ကြိုးပမ်းလျက်ရှိ

**ကင်ဘာရာ ဇန်နဝါရီ ၁၀**

ဩစတြေးလျနိုင်ငံ ဗိတိုရိယပြည်နယ်တွင် နေအိမ်များကို ပျက်စီးစေပြီး လူပေါင်းသောင်းနှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်စေခဲ့သည့်အပြင် တောရိုင်းမြေအမြောက်အမြားကို လောင်ကျွမ်းစေခဲ့သော တောမီးများကို ထိန်းချုပ်နိုင်ရန်အတွက် ဇန်နဝါရီ ၁၀ ရက်တွင် မီးသတ်သမား ထောင်ပေါင်းများစွာက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျအရှေ့တောင်ပိုင်းတွင် ပြင်းထန်သော အပူလှိုင်းဖြတ်သန်းမှုကြောင့် သီတင်းပတ်အလယ်ပိုင်း၌ စတင်ဖြစ်ပွားခဲ့သော အဆိုပါတောမီးများသည် တောရိုင်းမြေဟက်တာ ၃၀၀၀၀၀ ကျော်ကို လောင်ကျွမ်းဖျက်ဆီးခဲ့ပြီး ပြည်နယ်တစ်ဝန်းတွင် ကြီးမားသော မီးလောင်မှု ၁၀ ခုမှာ ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

မီးလောင်မှုကြောင့် နေအိမ်များအပါအဝင် အဆောက်အအုံ ၁၃၀ ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ပြီး နေအိမ်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၃၈၀၀၀ ခန့်မှာလျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်း အာဏာပိုင်များက အတည်ပြုသည်။

ယခုတောမီးသည် လူပေါင်း ၃၃ ဦး သေဆုံးပြီး တူရကီနိုင်ငံအရွယ်အစားခန့်ရှိသော မြေပြင်ဧရိယာကို ပျက်စီးစေခဲ့သည့် ၂၀၁၉-၂၀၂၀ ခုနှစ်တောမီးဘေးအန္တရာယ်နောက်ပိုင်း ပြည်နယ်အတွင်း အဆိုးရွားဆုံးသော ဘေးအန္တရာယ်ဖြစ်ကြောင်း ၎င်းတို့က ဖြည့်စွက်ပြောဆိုသည်။

မီးသတ်သမား ထောင်ပေါင်းများစွာသည် တောမီးများကို ထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဗိတိုရိယပြည်နယ်ဝန်ကြီးချုပ် ဂျာစင်တာ အယ်လန်က ပြောကြားကြောင်း သိရသည်။

**Mon**



## ဆူဒန်နိုင်ငံ၌ လူပေါင်း ၂၁ သန်းကျော် ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရဟုဆို

**ဂျီနီဗာ ဇန်နဝါရီ ၁၀**

ဆူဒန်နိုင်ငံ၌ ဇန်နဝါရီ ၉ ရက်က ပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် ရက်ပေါင်း ၁၀၀၀ ပြည့်မြောက်သည့်နေ့ဖြစ်ပြီး လတ်တလောတွင် လူပေါင်း ၂၁ သန်းကျော်မှာ ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေကြရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ လာကီက ပြောသည်။

လက်ရှိတွင် ဆူဒန်နိုင်ငံ၌ လူပေါင်း၃၄ သန်းခန့်မှာ လူသားချင်းစာနာမှု အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ ပဋိပက္ခဖြစ်ပွားမှုများ၏ အကျိုးဆက်များကို ဘေးပတ်ဝန်းကျင်ဒေသများအထိ ကူးစက်ရိုက်ခတ်လျက်ရှိကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် လာကီက ပြောသည်။

ဆူဒန်နိုင်ငံသည် နိုင်ငံအတွင်း ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်သူ ၉ ဒသမ ၃ သန်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ လူပေါင်း ၄ ဒသမ ၃ သန်းကျော် နယ်စပ်ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ဆိုသည်။

အယ်ဖာချာနှင့် ကာဒူဂလီဒေသများမှာ စားနပ်ရိက္ခာရှားပါးမှုဘေးနှင့် ကြုံတွေ့နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အတည်ပြုထားသည်။ ထို့အပြင် အခြားဒေသ ၂၀ ထက်မနည်းမှာလည်း အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံး ပိုလီယိုကင်းစင်ရေး လှုပ်ရှားမှုအဖြစ် ကလေး ၄၅ သန်းကျော် ကာကွယ်ဆေးတိုက်ကျွေးမည်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၀**

ပါကစ္စတန်နိုင်ငံသည် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိပြုလုပ်ရန် စီစဉ်ထားသည့် ၂၀၂၆ ခုနှစ် နိုင်ငံတစ်ဝန်း ပထမဆုံးပိုလီယိုရောဂါ ကင်းစင်ရေးလှုပ်ရှားမှုအဖြစ် ကလေး ၄၅ သန်းကျော်ကို ကာကွယ် ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးရေးအဖွဲ့က အသက်ငါးနှစ်အောက်ကလေးများကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး နိုင်ငံတစ်ဝန်း ရက်သတ္တပတ်ကြာလှုပ်ရှားမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံ၏ အရေးပေါ်လုပ်ငန်းဆောင်ရွက်ရေးစင်တာက ပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုကို ပိုလီယိုဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုမှကာကွယ်ရန် နယ်စပ်ဖြတ်ကျော်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါကစ္စတန်နှင့် အိမ်နီးချင်း အာဖဂန်နစ္စတန်တို့၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါလှုပ်ရှားမှုတွင် နိုင်ငံတစ်ဝန်း အိမ်တိုင်ရာရောက် ကာကွယ်ဆေးတိုက်ကျွေးရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမား လေးသိန်းကျော်က ပါဝင်သွားမည်ဖြစ်ကြောင်း စင်တာက ပြောကြားသည်။

**ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုကို တွေ့ရစဉ်။

## မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ မီးဘေးလုံခြုံရေးကွင်းဆင်း စစ်ဆေး အသိပညာပေးခြင်းကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၆) အောင်မြေသာရပ်ကွက်ရှိ Harri-tage ဟိုတယ်သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောပြီး ဟိုတယ်အဆောက်အအုံအတွင်း ဆောင်ရွက်ထားရှိသော မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ အသေးတပ်ဆင်ထားသည့် မီးခိုးထောက်လှမ်းမှုကိရိယာများ၊ Fire Alarm Bell များ၊ Manual Call Point စနစ်များ၊ Hydrant နှင့် Hoose Reel စနစ်များ၊ ရေသိုလှောင်ထားရှိမှုအခြေအနေများ၊ ပတ်ဝန်းကျင် မီးဘေးစိုးရိမ်ရမှု ရှိ၊ မရှိ အခြေအနေများနှင့် မီးသတ်ယာဉ်ဝင်၊ ထွက်လမ်းများ အဆင်ပြေမှု ရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်ရာ၌ ဟိုတယ်ခရီးလုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရေး၊ မီးသတ်ဦးစီးဌာန၏ Fire Safety Certificate(FSC) အား လျှောက်ထားရယူဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက Harritage ဟိုတယ်ရှိ ဝန်ထမ်း ၇၀ ဦးအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းများ၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဖုံးအုပ်နည်းဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့လေ့ကျင့်သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄၄၅)

*-*-*-*-*-*



## မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**တပ်ကုန်း ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဦးဆောင်ကျင်းပသည့် မြို့မဈေး၊ ရပ်ကွက်များအတွင်း မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မဈေးသူ၊ ဈေးသားများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ငြိမ်းချမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးညီညီထွန်းက မီးလောင်မှုနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဝေက လျှပ်စစ်အန္တရာယ် သတိပြုဖွယ်ရာများ၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနိုင်မည့် နည်းလမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသီးသီးဆွေးနွေးဟောပြောကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးလောင်မှုမဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးနိုင်ရေး၊ မီးသတ်ဆေးဘူးသုံးစွဲတတ်စေရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဓားရှည်ကိုင်ဆောင်သွားလာနေသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**လားရှိုး ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ ဓားရှည်ကိုင်ဆောင်သွားလာနေသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

(ယာပုံ)



ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် ည ၈ နာရီခွဲက ရှမ်းပြည်နယ်၊ လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် လားရှိုးမြို့နယ်၊ သီရိမဟာရပ်ကွက် တိုင်းရင်းဆေးရုံအနီးအရောက်၌ အဆိုပါရပ်ကွက်နေ ဆမ်ဆင်း(၅၀)နှစ်ဆိုသူအား အရှိုး၊ အသွားနှစ်ပေခန့်ရှိ ဓားရှည်တစ်ချောင်းအား ကိုင်ဆောင်သွားလာနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆမ်ဆင်းဆိုသူအား လားရှိုးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ ဇန်နဝါရီ ၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဝေဒလမ်းနှင့် အာသာဝတီလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဝေဒလမ်းအတိုင်း မြောက်မှ တောင်သို့ ဒက္ခိဏသီရိမြို့နယ်၊ ရဲဒီကျေးရွာနေ ကျော်လင်းစိုး(၃၀)နှစ်ဆိုသူ မောင်းနှင်လာသော NISSAN မော်တော်ယာဉ်နှင့် အာသာဝတီလမ်းအတိုင်း အနောက်မှ အရှေ့သို့ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေသူများဖြစ်သည့် ပိုင်ဖြိုးဝေ(၃၀)နှစ်ဆိုသူ မောင်းနှင်ပြီး သန်းဇော်ဝင်း(၃၂)နှစ်ဆိုသူနှင့် ဇော်ဝင်းဦး(၄၅)နှစ်ဆိုသူတို့ လိုက်ပါစီးနင်းလာသော WUYANG HONDA ဆိုင်ကယ်တို့ ဝင်ရောက်တိုက်မိခဲ့သဖြင့် ပိုင်ဖြိုးဝေ၊ သန်းဇော်ဝင်းနှင့် ဇော်ဝင်းဦးဆိုသူတို့ သုံးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ကျော်လင်းစိုးနှင့် ပိုင်ဖြိုးဝေတို့နှစ်ဦးအား ဒက္ခိဏသီရိမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**မဆင်မခြင် မောင်းနှင်မှု၊ အသက်ပေါင်းများစွာ အန္တရာယ်ပြု။**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။

(ယာပုံ)



ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြို့မအိုးဘိုရပ်ကွက်ရှိ ဧရာဝတီတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၁၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တမွဝတီရပ်ကွက်နေ နေလင်း(၄၄)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA ALPHARD မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နေလင်း ဆိုသူအား မကွေးမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များ၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၁၃ ဧကခန့်အား ဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ အထိ ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ်၊ လိန်းညားကျေးရွာအုပ်စု၊ ဝါးပြုံးကျေးရွာ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၇ ဧကခန့်နှင့် ဟန်းအင်ကျေးရွာမြောက်ဘက် လေးမိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ်၊ လုံပေါကျေးရွာအုပ်စု၊ ကောင်းတယံကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၂ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီခွဲအထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ်၊ ဘန့်ဗွီးကျေးရွာအုပ်စု၊ ဆောဆားကျေးရွာအရှေ့ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်နှင့် ဆောဆားကျေးရွာ အရှေ့တောင်ဘက် ငါးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မြန်မာ့ဂုဏ်ဆောင် ဝါးယပ်တောင်

ခင်မောင်(ငါန်းငွန်)



စံပြရေကြည်ရွာ ဆိုင်းဘုတ်

စာရေးသူသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ရပ်ကွက်အမှတ်(၉) မှာ နေပါသည် ။ လမ်းအားဖြင့် တောင်မြောက် ၄၉လမ်းနှင့်လမ်း ၅၀ကြား၊ (၁၁၆-B)လမ်းကြား ဖြစ်ပါသည်။ ဒီကနေ့တော့ မြန်မာ့ဂုဏ်ဆောင်ဝါးယပ်တောင် အိမ်တွင်းမိသားစု လက်မှုပညာ အကြောင်း တင်ပြလိုတာနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေ သာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စံပြရေကြည်ညောင်ပင်ရွာလေး ဆီသို့ စက်ဘီးဖြင့် သွားမှာဖြစ်ပါသည်။ ဒီရွာမှာ ကျွန်တော့်မိတ်ဆွေ ဦးတင်ရွှေ+ဒေါ်တင်သန်းတို့ ရှိပါသည်။ သူတို့သည် ဝါးယပ်တောင် လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုလာတာ အနှစ်(၄၀)ကျော် ပါပြီ။ အိမ်တွင်းမိသားစု ဝါးယပ်တောင်လုပ်ငန်းကို တစိုက်မတ်မတ် လုပ်ကိုင်လာကြတာပါ။ တခြားဘာလုပ်ငန်းကိုမှ ပြောင်းလဲပြီး မလုပ် ကြပါဘူး။ မိဘလက်ထက်ကတည်းက လုပ်လာကြတာပါ။

မနက်စောစောထ မျက်နှာသစ်၊ ဘုရားရှိခိုး၊ တရားထိုင်၊ ပုတီးစိပ်ပြီး အိမ်ရှင်မ ချက်ဖို့ပြုတ်ဖို့အတွက် ဈေးဝယ်ထွက်ရပါ တယ်။ မြရည်နန္ဒာဈေးကို ခြေကျင် သုံးမိနစ်လောက်သွားရင် ရောက်ပါပြီ။ ဈေးက ဟင်းချက်စရာ ပဲသီးတောင့်၊ ဆီးဖြူသီး ထောင်းပြီးသား၊ အကြော်ဝယ်ပြီး ပြန်လာခဲ့ပါသည်။ ဈေးက ပြန်လာပြီး မနက်စာအဆာပြေ ထမင်းဆီဆမ်း၊ အကြော်နဲ့ ထမင်းစားပြီး အချိန်ကြည့်လိုက်တော့ ၉ နာရီရှိနေပြီမို့ ရပ်ကွက် အနောက်ဘက်လမ်း ၅၀ မှ မြောက် အောင်ပင်လယ်ရွာဘက်သို့ လာခဲ့ပါသည်။ အောင်ပင်လယ်ရွာထဲမှ အရှေ့ဘက်မြို့ပတ်လမ်း ရှိရာ တက်ခဲ့ပြီး အရှေ့အနောက်တောင်မြောက်လမ်းလေးခွဆုံရာ အဝိုင်းပန်းခြံရောက်တော့ ၉ နာရီခွဲပါပြီ။ လမ်းအဝိုင်းမှ အရှေ့ဆီသို့ ဆက်စီးလာခဲ့ရာ ၁၀ နာရီထိုးတော့ ရေကြည်ညောင်ပင်စံပြကျေးရွာ မှ ကြိုဆိုပါ၏ ဆိုတဲ့ အနီရောင်ခံ ရွှေစာလုံးနဲ့ရေးပြီး ရွှေအနား ကွပ်ထားတဲ့ ရွာအဝင် လမ်းပြဆိုင်းဘုတ်ကို တွေ့ပါသည်။

ကတ္တရာလမ်းမှ ရွာထဲဝင် လမ်းဖွေးဖွေးအတိုင်း ဆင်းခဲ့ရာ ကျွန်တော့်မိတ်ဆွေ ဦးတင်ရွှေ + ဒေါ်တင်သန်းတို့အိမ်သို့ ရောက်ခဲ့ ပါပြီ။ မိတ်ဆွေအိမ် မဝင်ခင် ရွာအရှေ့ ရေတံခွန်တောင်ချောင်းဘေး က အကြော်သည် ဒေါ်ဝေထံမှ အကြော်ဝယ်လာပြီး မိတ်ဆွေ အိမ်မှာ ရေနွေးကြမ်းနဲ့ မြည်းကြပါသည်။ ဦးတင်ရွှေက အသုပ်စုံနဲ့ ရေသန့်ဘူးဖြင့် ဧည့်ခံပါသေးသည်။ အကြော်လေး စားလိုက်၊ အသုပ်လေး စားလိုက်၊ ရေသန့်လေး သောက်လိုက်၊ ဒီစာလေး ရေးလိုက်နဲ့ မေးလိုက်မြန်းလိုက် ထွေရာလေးပါးရောက်သွားလိုက် ဖြင့် နှစ်ယောက်သား စကားမြိုင်လှပါသည်။

စံပြရေကြည်ညောင်ပင်ရွာဆိုတာ လွန်ခဲ့တဲ့ ပုဂံခေတ်က အနော် ရထာဘုရင် တိုင်းခန်းလှည့်ရာ ဒီရွာအနောက်ဘက် ဆင်ရပ်နားပြီး



ကိုင်းသီတံထိုးရန် အပေါက်ဖောက်စက်ပုံ

ရေကြည်သောက်လို၍ ရေတော်ဆက်ခိုင်းရာ ရွာသူမ မယ်သိခ်မှ ရေကြည်တော်ဆက်သရာကို အစွဲပြုပြီး ရေကြည်ရွာလို့ခေါ်ကြောင်း ပါးစပ်ရာဇဝင်အရသိခဲ့ရပါသည်။ ရွာရဲ့အရှေ့ဘက်မှာခေါ်ကြောင်း မတ္တရာမြို့နယ်ဘက်ကလာတဲ့ ဆည်တော်ကြီးချောင်းရှိပြီး ချောင်း အရှေ့ဘက်မှာ မြောက်မှတောင်သို့ ရွှေကျင်ရေတောင်၊ ရေတံခွန်တောင်၊ ထူးမတောင်ဆိုပြီး တောင်တန်းကြီးရှိပါသည်။ ဒီရေတံခွန်တောင်ကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ကြရတာပါ။

ဒီရွာဟာ ရေတံခွန်တောင်အနောက်ဘက်၊ ချောင်းအနောက် ဘက်မှာရှိတဲ့ ရွာလေးပါ။ ဘုရင်အနော်ရထာစီးလာတဲ့ ဆင်တော် အုပ်ရာ သွားရာလာရာလမ်းကိုလည်း မင်္ဂလာလမ်းဆိုပြီး ရွာအနောက် ဘက်မှာ ရှိခဲ့ပါသည်။ အခုတော့ လယ်စိုက်ရေသွင်းကွင်း ဖြစ်သွားပါပြီ။ ရွာအရှေ့ရေချောင်းကတော့ တောင်ဘက် တံတိုင်းရှည်ရွာနဲ့ ဆက်ပြီး စီးရာ ဒုဋ္ဌဝတီမြစ်ထဲမှာ ပေါင်းဆုံသွားပါသည်။



မှီခိုရသော ရေတံခွန်တောင်ပုံ

ရေကြည်ရွာဟာ အိမ်ခြေ(၅၀၀)မျှ ရှိပါသည်။ ဦးတင်ရွှေ+ ဒေါ်တင်သန်းတို့ မိသားစုက ရေတံခွန်တောင်က ထွက်တဲ့ ဝါးကိုပဲ အမှီပြုအသက်မွေးကြရပါသည်။ ဝါးယပ်တောင်ဖြစ်ဖို့အတွက် (၁) ဝါးခုတ်ခြင်း၊ (၂) ယပ်တောင်ဆိုဒ် သုံးမျိုးအရွယ်ရအောင် ဝါးကို လွှဖြင့်ဖြတ်ခြင်း၊ (၃) ဖြတ်ပြီး ဝါးများကို အခွံစိမ်းများ သင်ပစ်ခြင်း၊ (၄) အခွံသင်ပြီး ဝါးကို ဝါးလုံးအဝိုင်းမှ တစ်ဝက် ခွဲခြမ်းပစ်၊ ထိုမှ လေးစိပ်ထပ်စိတ်၊ ထိုမှ ယပ်တောင်တစ်ချပ်အရွယ် လက်ကိုင်ဖြစ်အောင် စိုက်ရပါသည်။ ယပ်တောင်ကိုင်းထည့်ရန် ဝါးကို



ယပ်တောင်ဖြန့်ခုံပုံ

တော့ သနပ်ဝါးကို အသုံးပြုရပြီး ယပ်တောင်အဆင့် သုံးမျိုးရှိပါ သည်။ ၁၃ လက်မကိုင်း၊ ၁၁ လက်မကိုင်း၊ ၁၀ လက်မကိုင်း ဖြစ်ပြီး ဝါးကို အဆင့်ဆင့်ခွဲစိတ်ရပါသည်။ ကိုင်းချောင်းရေ ၂၀၀ စီ စည်းရပါသည်။ ယပ်တောင်ဝါးက မြစ်ဝါးဖြစ်ပါသည်။ ယပ်တောင် က အဆစ်ရှော လက်ကိုင်အပါအဝင် ၁၉ လက်မ၊ ၁၆ လက်မ၊ ၁၂ လက်မ သုံးစားရှိပါသည်။ အကြမ်းစိတ်ပြီး ချောင်းရေ ၅၀၀ စည်း၊ ၁၀၀၀ စည်း စည်းရပါသည်။

ဒါကို ပုံကြမ်းလောင်းစည်းခြင်းလို့ ခေါ်ပါသည်။ တခြားသူကို ငှားမယ်ဆိုရင် အကြီးဆိုဒ် ၁၃ လက်မ ချောင်းရေ ၁၀၀၀ ကို ၅၀၀၀၀ ကျပ်၊ အလတ်ဆိုဒ်သေး ၁၁ လက်မ ၁၀၀၀ ကို ၂၅၀၀၀ ကျပ်၊ အသေးဆိုဒ်သေး ၁၀ လက်မ ၁၀၀၀ ကို ၁၈၀၀၀ ကျပ် ပေးရပါသည်။ ဝါးဖြတ်ခွဲစိတ်ခကလည်း ဝါးယပ်တောင်ဆိုဒ် ၁၀၀ စည်း တစ်စည်း ကို ၁၅၀၀ ကျပ် ပေးရပါသည်။ မိသားစုကိုယ်တိုင်လုပ်ကြတော့ ခွဲခြမ်းစိတ်ဖြာခတွေ သက်သာပါသည်။



စာရေးသူနှင့် မိသားစု

အကြမ်းလောင်းပြီး ယပ်တောင်ဝါးခြမ်းတစ်ချောင်းကို လက်ကိုင်ရိုး အကြီးဆိုဒ် ၆ လက်မ၊ အလတ်ဆိုဒ် ၅ လက်မ၊ အသေးဆိုဒ် ၄ လက်မ ထားပြီး အဆစ်အထက်ပိုင်း အကြီးဆိုဒ် ၁၃ လက်မ၊ အလတ်ဆိုဒ် ၁၁ လက်မ၊ အသေးဆိုဒ် ၁၀ လက်မရှိပြီး ဝါးချောင်းလေးတွေကို အဆစ်အထက်ပိုင်း ဓားငယ်ဖြင့် ယပ်တောင်အလက်လေးတွေရအောင် ခွဲစိတ်ရပါသည်။ ခွဲစိတ်ပြီး အလက်လေးတွေကို အချောသင်ပြီး ကိုင်းထည့်ရန်အဆစ် အောက်ဖောက်စက်နဲ့ ဖောက်ရပါသည်။

ဖောက်ခုံကိုင်းထည့်ရန် ဖောက်ပြီးသတ်မှတ်တဲ့ အရွယ်အစား အလိုက် ကိုင်းထည့်ရပါသည်။ ကိုင်းထည့်ပြီး ယပ်တောင်ပုံဖြန့်တဲ့ ခုံမှာ တင်ဖြန့်ပြီး ကြိုးသီရပါသည်။ ကြိုးသီပြီးရင် ယပ်တောင် အကြမ်းပြီးပါပြီ။ အပေါ်စက္ကူကပ်ရုံပဲရှိပါသည်။ သီကြိုးချီ နိုင်လွန်တစ်ခွေကို ၁၅၀၀၀ ကျပ် ဝယ်ရပါသည်။ အပေါ်ကပ် စက္ကူကလည်း သုံးစားရှိပါသည်။ အကြီးဆိုဒ် ၁၃ လက်မ လေးထောင့်ပတ်လည်အရွယ် ၁၀၀ ကျပ်၊ အလတ်ဆိုဒ် ၈၀ ကျပ်၊ အငယ်ဆိုဒ် ၆၀ ကျပ်ရှိပြီး တရုတ်စက္ကူ၊ ကိုရီးယားစက္ကူဆိုပြီး နှစ်မျိုး ရှိပါသည်။ တရုတ်စက္ကူက အကောင်းဆုံး ဖြစ်ပါသည်။ ဒီစက္ကူတွေပေါ်မှာ လိုအပ်တဲ့ အလှူဖိတ်စာ၊ မင်္ဂလာဆောင်ဖိတ်စာ ကိုတော့ အလှူရှင်၊ မင်္ဂလာရှင်တွေက ပုံနှိပ်မှာ အပ်ရပါသည်။ အဲ့ဒီ တစ်ရွက်ဝယ်ဈေးကတော့ စောစောကပြောတဲ့အတိုင်း ပုံနှိပ် စက်က ဝယ်ရပါသည်။ ၁၀၀ ကျပ်၊ ၈၀ ကျပ်၊ ၆၀ ကျပ် ဈေး ဖြစ်ပါသည်။

ယပ်တောင်ပုံမဖြန့်ခင် ရေမွှမ်းရပါသည်။ ဝါးမကျိုးအောင်ပါ။ ဖြန့်ခုံကပြီးတဲ့ ယပ်တောင်များကို အလှူမင်္ဂလာအလိုက် ကော်သုတ် စက္ကူကပ်ရပါသည်။ ကော်သုတ်ခ ၄၀၀၀ ကျပ် ပေးရပါသည်။ ကော်သုတ်စက္ကူကပ်ပြီး တစ်နေလှန်းရပါသည်။ တစ်နေလှန်းပြီး အဝိုင်းပုံစံဖြစ်အောင် ကတ်ကြေးဖြင့် ကိုက်ရပါသည်။ ကိုက်ပြီး ယပ်တောင်အနား ရွှေ၊ ငွေ အကွပ်ကွပ်ရပါသည်။ ဒါဆို ယပ်တောင် တစ်ချပ်ပြီးပါပြီ။

ပြီးပါက ယပ်တောင်ပြားအောင် ယပ်တောင်တွေ အထပ်ထပ် ဝိုင်းခွေပြီး ဖိရပါသည်။ ယပ်တောင်တစ်ချပ်ကို ဝါးခုတ်၊ ပုံကြမ်း လောင်း၊ ခွဲစိတ်၊ ယပ်တောင်ဖြာ၊ စက္ကူကပ်၊ အနားကွပ်ပြီးသည် အထိ မိသားစုလုပ်ရတာဖြစ်တော့ ဒီကနေ့ အလုပ်သမားတစ်ယောက် ၁၅၀၀၀ ကျပ်ပေးရပါသည်။ ယပ်တောင် တစ်ချပ်ပြီးဖို့အတွက် ဝါးခုတ်ခွဲခြမ်း၊ စိတ်ချောဖြန့် စက္ကူကပ်ကို အနားကွပ်အထိ အဆင့်ဆင့်လုပ်ခကို ပျမ်းမျှတွက်ချက်ယူရပါသည်။ အပြီးဆိုဒ် ဆိုရင် တစ်ချောင်း ၉၀၀ ကျပ် အလတ်ဆိုဒ် ဆိုရင် ၇၀၀ ကျပ်၊ အသေးဆိုဒ်ဆိုရင် ၅၀၀ ကျပ်ပေးရကြောင်း မိသားစုမြန်မာ့ ဂုဏ်ဆောင်ဝါးယပ်တောင်လုပ်ငန်းအကြောင်း လေ့လာတင်ပြ လိုက်ရပါသည်။



ယပ်တောင်အကြမ်းထည် ပြီးစီးပုံ



# နိုင်ငံတကာ အားကစား သတင်းများ

## ဆီမီညို မန်စီးတီးအသင်းတွင် ကျောနံပါတ် (၄၂)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇန်နဝါရီ ၁၀**

တောင်ပံကစားသမားသစ် ဆီမီညိုသည် မန်စီးတီးအသင်းတွင် ကျောနံပါတ် (၄၂)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ၆၂ ဒသမ ၅သန်းဖြင့် ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆို၍ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဆီမီညိုသည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၁ ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဆီမီညိုက "ကျွန်တော် မန်စီးတီးအသင်းမှာ ကျောနံပါတ် (၄၂) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီလို ထိပ်တန်းအသင်းတစ်သင်းကို ရောက်ရှိခဲ့လို့လည်း အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။**(အောက်ပုံ)(NGB)**




## ဒီဇင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို ယာမဲလ် ဆွတ်ခူး

**ဘာစီလိုနာ ဇန်နဝါရီ ၁၀**

စပိန်လာလီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ဒီဇင်ဘာလအတွင်း စပိန်လာလီဂါပွဲစဉ် လေးပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၁၈)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော်ယခုလို တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် ဒီဆုကိုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုတစ်ဦးချင်းဆုတံဆိပ်အပြင် အသင်းနဲ့အတူ ဆုဖလားများစွာကိုလည်း ရယူသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**



## မော်ရိုကိုအသင်းက ကင်မရွန်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၁၀**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မော်ရိုကိုအသင်းနှင့် ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက ကင်မရွန်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မော်ရိုကိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ဘရာဟင်ဒီယက်ဇ်၊ ပွဲချိန် ၇၄ မိနစ်တွင် ဆိုင်းဘာရီတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

မော်ရိုကိုအသင်းသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် အသင်းတိုက်စစ်မှူးဆာကာကို ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆိုစီဒက်အသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆိုစီဒက်အသင်းက ဂီတာဖေးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(NGB)**

## ကူဒပ်စ် ကြွက်သားဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၀**

စပါးအသင်းကွင်းလယ်ကစားသမား ကူဒပ်စ်သည် ကြွက်သားဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပါးအသင်းက ဆန်းဒါးလန်းအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ကူဒပ်စ်ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်း ကွင်းလယ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။




အသက်(၂၅)နှစ်အရွယ်ရှိ ကူဒပ်စ်သည် ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၅ ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(ဝဲပုံ) (NGB)**

## နည်းပြ မော်ရင်ဟို ဘင်ဖီကာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၀**

ဘင်ဖီကာအသင်းသည် လက်ရှိအချိန် ရလဒ်များ ထင်သလောက် ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ မော်ရင်ဟိုကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဘင်ဖီကာအသင်းသည် ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အဆင့် ၂၅ နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားနေမှုကြောင့် နည်းပြ မော်ရင်ဟိုကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ဘင်ဖီကာအသင်းကို ၂၀၂၅ ခုနှစ်၊



စက်တင်ဘာ ၁၈ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၃ ပွဲတွင် ၁၄ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၄ ပွဲရှုံး ရလဒ်ကို ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ မော်ရင်ဟိုအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘင်ဖီကာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | (၁၆)လက်ချီ - ပါးမား(၁၅)<br>(L,W,L,D,L) (W,L,W,D,L) | လက်ချီ ၂-၂ ပါးမား<br>ပါးမား ၁-၃ လက်ချီ |
| ၁၁-၁-၂၀၂၆<br>ည ၈:၃၀ နာရီ | (၁၉)ဖီအိုရင်တီးနား - အေစီမီလန်(၂)<br>(L,W,L,W,D) (D,L,W,W,D) | ဖီအိုရင်တီးနား ၂-၁ အေစီမီလန်<br>အေစီမီလန် ၂-၂ ဖီအိုရင်တီးနား |
| ၁၁-၁-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၈)ပီရိုနာ - လာဇီယို(၉)<br>(W,W,L,L,D) (WD,D,L,D) | ပီရိုနာ ၀-၃ လာဇီယို<br>လာဇီယို ၂-၁ ပီရိုနာ |
| ၁၂-၁-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁)အင်တာမီလန် - နာပိုလီ(၃)<br>(W,L,W,W,W) (W,W,W,W,D) | အင်တာမီလန် ၁-၁ နာပိုလီ<br>နာပိုလီ ၁-၁ အင်တာမီလန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၄)ဗယ်လက်ကာနို - မာယော့ကာ(၁၆)<br>(D,W,L,D,W) (D,W,L,D,L) | ဗယ်လက်ကာနို ၀-၀ မာယော့ကာ<br>မာယော့ကာ ၁-၀ ဗယ်လက်ကာနို |
| ၁၁-၁-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁၉)လီဗန်တေး - အက်စ်ပန်ညို(၅)<br>(W,L,L,D,W) (L,W,W,W,L) | လီဗန်တေး ၁-၄ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၂-၁ လီဗန်တေး ၂၀၂၃-၂၄ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၁-၂၀၂၆<br>ည ၉:၀၀ နာရီ | (၁၂)မိုချန်ဂလာဘတ် - အော့စ်ဘတ်(၁၅)<br>(L,W,L,L,L) (W,L,W,L,D) | မိုချန်ဂလာဘတ် ၀-၃ အော့စ်ဘတ်<br>အော့စ်ဘတ် ၂-၁ မိုချန်ဂလာဘတ် |
| ၁၁-၁-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၁) ဘိုင်ယန်မြူးနစ် - ဝုဗ်ဘတ်(၁၄)<br>(W,W,D,W,W) (D,W,W,L,D) | ဘိုင်ယန်မြူးနစ် ၃-၂ ဝုဗ်ဘတ်<br>ဝုဗ်ဘတ် ၂-၃ ဘိုင်ယန်မြူးနစ် |

### စပိန်စူပါဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲ အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၂-၁-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်<br>(လာလီဂါ-၁) (လာလီဂါ-၂) | ဘာစီလိုနာ ၄-၃ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၁ ဘာစီလိုနာ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၁-၁-၂၀၂၆<br>တနင်္ဂနွေနေ့ | ညနေ၃:၃၀နာရီ | (၁)ရှမ်း - ဒဂုံပေ့(၁၁)<br>(L,L,W,D,W) (L,D,L,D,W) | ရှမ်း ၃-၀ ဒဂုံပေ့<br>ဒဂုံပေ့ ၀-၃ ရှမ်း |
| ။ | ။ | (၉)သစ္စာအားမာန် - ဟံသာဝတီ(၆)<br>(L,D,L,D,D) (L,L,L,D,W) | သစ္စာအားမာန် ၁-၀ ဟံသာဝတီ<br>ဟံသာဝတီ ၀-၁ သစ္စာအားမာန် |
| ၁၁-၁-၂၀၂၆<br>တနင်္ဂနွေနေ့ | ညနေ၄:၀၀နာရီ | (၃)ဒဂုံ - ရာမည(၁၂)<br>(D,L,W,D,W) (D,L,L,L,L) | ________ |

# ပို့ကုန်ရငွေအပေါ် ငွေလဲလှယ်နှုန်းပြောင်းလဲသတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲများ အဝယ်သွက်နေ

ပို့ကုန်ရငွေအပေါ် ငွေလဲလှယ်နှုန်း ပြောင်းလဲသတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံများ အဝယ်သွက်နေသွက်နေကြောင်း ကုန်သည်များထံမှ သိရသည်။

ပို့ကုန်ရငွေ ပမာဏ၏ ၂၅ရာခိုင်နှုန်းအစား ၁၅ရာခိုင်နှုန်း ငွေကျပ်လဲလှယ်သည့် မူဝါဒကို ဇန်နဝါရီ ၇ ရက်က ပြောင်းလဲသက်မှတ်လိုက်ခြင်း ဖြစ်သည်။

ပဲ၊နှမ်းဈေးကွက်အတွင်း ပဲစင်းငုံ အသစ်ဝင်ရောက်မှု နည်းသေးသော်လည်း ဈေးကွက်အတွင်း ကြိုရောင်း၊ ကြိုဝယ် ဈေးကွက်ဖြင့် အရောင်းအဝယ်ကောင်းနေခြင်း ဖြစ်သည်။

ဇန်နဝါရီလဆန်းပိုင်းမှစတင်ကာ အသစ်ဝင်ရောက်လာမည့် ပဲစင်းငုံအသစ်များ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ကျော်ဖြင့် အရောင်းအဝယ်သွက်လာကြောင်း၊ မြေပဲလုံးဆန်များမှာ ပို့ကုန်တင်ပို့နိုင်ရန် အဝယ်ကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းလက်ကျန်မရှိသလောက်နည်းလာသော ကျွန်းစားတော်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေ ကျပ် ၁၀သိန်းခန့်အထိ ပေါက်ဈေးရှိနေကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန် ရငွေ အပေါ် ပြောင်းလဲသက်မှတ်လိုက်သည့် မူဝါဒကြောင့် ပို့ကုန်ပဲများကို ကြိုတင်ဝယ်ယူမှု များခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်အတွင်း ပဲစင်းငုံအသစ် ဝင်ရောက်မှုနည်းသော်လည်း ကြိုရောင်း၊ ကြိုဝယ်ဈေးကွက်မှာ အရောင်းအဝယ် ကောင်းနေပါတယ်။ ပဲအသစ်တွေ ဝင်ချိန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းရင် ကောင်းသလို အဝင်တွေ ကောင်းလာနိုင်ပါတယ်။ မြေပဲဆီဆန်တွေကတော့ ပုံမှန်ဈေးရှိပေမယ့် မြေပဲလုံးဆန်များမှာ တစ်ပိဿာ ငွေကျပ် ၉၀၀၀ ပေါက် ဈေးရှိလာပါတယ်။ ကျွန်းစားတော်ပဲကတော့ ဈေးကွက်အတွင်းမှာ ပစ္စည်းမရှိတော့ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၁၀သိန်းအထိ ပေါက်ဈေးရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

ဇန်နဝါရီ ၈ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၄၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၇၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် အမျိုးအစားအလိုက် ၃၀၀၀-၅၀၀၀ ဈေးကျဆင်းသွားရာ ငွေကျပ် ၂၃၃၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ ထိုင်ဝမ် ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၂၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၃၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဇန်နဝါရီ ၈ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၀၊ ပဲနီပြာ (ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇန်နဝါရီ ၈ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၃၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**





## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်နှင့် အပေါ်ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ ကပ်လှူရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရေးမူမပျက် ပြုပြင်လျက်ရှိရာ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးအပေါ် ရှိထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့်ရွှေချိန် တစ်ကျပ်ရှစ်ပဲရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ် သိန်း ၉၀ နှုန်းဖြင့် အလှူရှင်ကမ္ပည်းထိုး၍ လှူဒါန်းနိုင်ရာ ဇန်နဝါရီ ၇ ရက်က မန္တလေးမြို့နေ ဦးအာကာမိုး+ဒေါ်ခင်နန္ဒာနွယ် မိသားစု(ကိုးသုံးလုံးသွပ်ပြားစက်ရုံ)မှ ရွှေစင်၊ ရွှေပြား တစ်ချပ် အတွက်ငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း၊ ဦးအောင်နိုင်ဝင်း+ဒေါ်ခင်ချိုဦးမိသားစု(ဖြိုးမောက်စက်သုံးဆီရောင်းဝယ်ရေး)က ငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း၊ ဦးနိုင်လင်းအောင်+ဒေါ်သူဇာမိသားစု (စိန်လမင်းပွဲရုံနှင့်လိုရာပြည့်စုံထီရောင်းဝယ်ရေး)က ငွေကျပ် သိန်း ၉၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၊ ပြတိုက်များ၊ စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန်အတွက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## ကွမ်းခြံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းသဖြင့် ကွမ်းရွက်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ


**ကျောက်ဆည် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ကွမ်းခြံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းသဖြင့် ကွမ်းရွက်စိုက်ပျိုး ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း ကွမ်းရွက်စိုက် တောင်သူများထံမှ သိရသည်။

ကွမ်းရွက်ပင်စိုက်ပျိုးမည်ဆိုပါက ကုန်ကျစရိတ်များသော်လည်း ကာလရှည်ရှူးဆွတ်ရောင်းချရသည့် နှစ်ရှည်သီးနှံဖြစ်သောကြောင့် အောင်မြင်ဖြစ်ထွန်းပါက အကျိုးအမြတ်များကြောင်း၊ ကွမ်းရွက်စိုက်ပျိုးသူများအနေဖြင့် တပေါင်းလ၊ တန်ခူးလများ၌ မြေပြင်၍ ကွမ်းခြံများပြုလုပ်ကာ မျိုးဖြတ်ထားသော ကွမ်းရွက်အညွန့်များကို မြေပေါင်များတွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးသည်နှင့် တစ်ပြိုင်နက်တည်း ကွမ်းခြံအား နေ့စဉ်ဂရုပြုစောင့်ကြည့်ရပြီး ကွမ်းညွှန့်ချည်ခြင်း၊ ရေသွင်းခြင်း၊ မြေပေါင်များပေါ်၌ မြေအသစ်တင်ခြင်း၊ ပိုးမွှားကျရောက်မှု မရှိစေရေး ဆောင်ရွက်ရပြီး ပိုးကျရောက်သည်ကို အလေးမထားပါက ကွမ်းခြံပျက်စီးသည်အထိ ဆုံးရှုံးမှုများရှိကြောင်း ကျားကာကျေးရွာမှ ကွမ်းစိုက်တောင်သူ ဦးသင်းကိုက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် ကွမ်းခြံများကို သံရွာ၊ ညွှန့်ပင်၊ အေးရွာ၊ အရှေ့သပြေသာ၊ မှိုင်းယန်၊ ကုလရွာ၊ ကျားကာ၊ ဈေးရွာ၊ ရဲကြီး၊ ကိုးပင်၊ ဖျောက်ဆိပ်ပင်၊ သရက်ပင်၊ မြောင်းဦး၊ ပွတ္တိုင်၊ ငါးလုံးကုန်း၊ ပုထိုးတိုင်၊ အနောက်ငယ်တိုး၊ ကွမ်းခြေ၊ မုံပေါင်း ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**(ယာပုံ) (၄၈၅)**



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ ။

## နိုင်ငံသားစိစစ်ရေး ကတ်ပြား ပျောက်ဆုံးပျက်စီးသူများ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးမှုကို မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ပျက်စီးသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၂ ဦး စုစု ပေါင်း ၄၁ ဦးတို့အား လက်ဝယ်ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ ပေးအပ်ပွဲသို့ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဟိန်းကျော်အောင်နှင့် မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၆)**



# သာဓရဲ့ ပဲ့ကိုင်ရှင်

အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းကျောင်းတွေမှာ အမျိုးသမီးချည်းသပ်သပ်ကျောင်း၊ အမျိုးသားချည်းသပ်သပ်ကျောင်း၊ အမျိုးသမီး၊ အမျိုးသားရောထားတဲ့ကျောင်းဆိုပြီး ကျောင်းသုံးကျောင်းမျိုးရှိပါတယ်။ မသီတာဟာ ကျောင်းသုံးမျိုးလုံးမှာ တာဝန်ထမ်းခဲ့ဖူးလို့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ စိတ်သဘာဝအခြေအနေကို ပိုမိုစိတ်ဝင်စားသလို သူတို့ရဲ့ စိတ်အကြောင်းကို အတော်လေ့လာသိရှိသူဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ပညာရေး မဟာဌာနမှာ B.Ed တက်စဉ်ကလည်း ကလေးစိတ္တဗေဒပညာ (Child Psychology) ကို အထူးပြုဘာသာအနေနဲ့ယူခဲ့လို့ ကလေးတွေရဲ့ စိတ်သဘာဝအခြေအနေကို စာတမ်းပြုစုကာ ဂုဏ်ထူးနဲ့အောင်ခဲ့သူ ဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်တက်စဉ်က သူငယ်ချင်းတစ်ဦးရဲ့ ကျူရှင်မှာ စာသင်ပေးခဲ့တဲ့အတွေ့အကြုံတွေဟာ B.Ed တက်ခဲ့အခါ အလွန်အဖိုးတန်တဲ့အတွေ့အကြုံကို ရစေပါတယ်။

မသီတာ တာဝန်ကျတဲ့ကျောင်းက အမျိုးသမီးချည်းပညာသင်တဲ့ အမျိုးသမီးကျောင်းဖြစ်ပါတယ်။ မူလတန်း၊ သူငယ်တန်းမှ စတုတ္ထတန်းထိ ယောကျ်ားလေးများကို လက်ခံပေမယ့် စတုတ္ထတန်းအောင်ရင် အမျိုးသားကျောင်းကို ပြောင်းရပါတယ်။ အမျိုးသမီးကျောင်းဖြစ်လို့ ဆရာမများသာ ရှိပါတယ်။ ရုံးဝန်ထမ်းတွေကလည်း အမျိုးသမီးတွေများပါတယ်။ အမျိုးသားဝန်ထမ်းလေးဦးသာ ရှိပါတယ်။ မိန်းကလေးကျောင်းဖြစ်လို့ သမီးရည်းစားကိစ္စနားအေးတယ်လို့ မထင်လိုက်ပါနဲ့ အမျိုးသားစိတ်ပေါက်နေတဲ့ ယောကျ်ားလျာ အမျိုးသမီးတွေ မိန်းကလေးချင်း A.C.T အချစ်တော်ထားတဲ့ ကိစ္စဟာ အမျိုးသမီး၊ အမျိုးသားအစစ် ရည်းစားထားတာထက် ပိုမိုရှုပ်ထွေးတာကို မသီတာကိုယ်တိုင် ကြုံတွေ့ခဲ့ရပါတယ်။

အငြမတန်း(က)အတန်းပိုင် ဒေါ်အုန်းရီဟာ စည်းကမ်းအလွန်လိုက်နာသူဖြစ်ပြီး သူ့အတန်းကိုလည်း ခြောက်ပစ်ကင်းသဲလဲစင် ဒေါင်ဒေါင်မြည် စံပြအတန်းဖြစ်အောင် အမြဲကြိုးစားနေသူဖြစ်ပါတယ်။ တစ်နေ့တွင် ထမင်းစားကျောင်းဆင်းချိန်မှာ သွေးရဲရဲ သံရဲရဲနဲ့ အမျိုးသမီးတစ်ဦးကို ဒေါ်အုန်းရီနဲ့ ကျောင်းသူတစ်ယောက်တွဲပြီး မသီတာရုံးခန်းကို ခေါ်လာပါတယ်။ 'ဆရာမကြီးရေ ....ခင်ပပက စန္ဒာညွန့်ကို လက်သီးနဲ့ ထိုးလို့ နှာခေါင်းသွေးယိုသွားတာကြောင့် ခေါ်လာတာပါ'

'ကြက်ခြေနီ တာဝန်ခံ ဒေါ်တင်စန်းကို သတင်းပို့ပါ။ ဆေးထည့်ပြီး သွေးတိတ်အောင် လုပ်ပေးလိုက်ပါ။ လိုအပ်ရင် ဆေးခန်းပြဖို့ စီစဉ်ပါ။ ကျွန်မလည်း ခုပဲ လိုက်ခဲ့ပါမယ်'

မသီတာက စားလက်စ ထမင်းနှင့် ဖွန်းကိုချပြီး ကြက်ခြေနီခန်းကို လိုက်သွားပါတယ်။ ဒေါ်တင်စန်းက ရှေးဦးသူနာပြုနည်း၊ ရေခဲရေနဲ့ သန့်စင်ပေးပြီး ရေကို ရှူစေခြင်းဖြင့် သွေးတိတ်အောင် လုပ်ပေးပါတယ်။ သွေးထွက်လို့ နည်းနည်း မူးသလိုဖြစ်နေတဲ့ စန္ဒာညွန့်ကို ရှူဆေးရှူခိုင်းပြီး ခုတင်ပေါ်အိပ်ခိုင်းထားပါတယ်။

'ကဲ…ဒေါ်တင်စန်းနဲ့ ကျောင်းသူတစ်ဦးက စန္ဒာညွန့်ကို စောင့်ကြည့်ပြီး သက်သာရင် အတန်းထဲပြန်ပို့လိုက်ပါ။ နားနားနေနေ နေပါစေ။ ဒေါ်အုန်းရီကတော့ ဖြစ်စဉ်အသေးစိတ်ကို ပြောပြပါဦး' 'ဒီလိုပါဆရာမကြီး၊ ခင်ပပက ယောကျ်ားလျာဆိုတော့ တစ်တန်းထဲက သူဇာကို ကြိုက်နေပြီး အမျိုးသားလေးကို ရည်းစားစာပေးရာက သမီးရည်းစားကို နှစ်ယောက်တွဲ သွားလာနေကြပါတယ်။ တကယ့်သမီးရည်းစားလို ပြုမူပြောဆိုနေထိုင်ပုံတွေက အမြင်မတော်လို့ အမြဲစောင့်ကြည့်ပြီး သတိပေးဆုံးမပါတယ်။ သူတို့ရဲ့ အနေအထိုင်တွေက ကဲကဲလာလို့ မိဘတွေခေါ်ပြီး သတိပေးလက်မှတ်ထိုးခိုင်းထားတာ ဆရာမကြီးအသိပါ'

'အဲ့ဒီတုန်းက သူတို့နှစ်ဦးဟာ လူကွယ်ရာချောင်တွေမှာ ကျောင်းဆင်းချိန်တိုင်း အမြင်မတော်အောင်နေလို့ ကျွန်မကိုယ်တိုင် သတိပေးဆုံးမခဲ့တာကို ကျွန်မ မှတ်မိပါတယ်'

'သူတို့နှစ်ဦးတည့်နေတဲ့အချိန်မှာ ပြုံးကာရယ်ကာနဲ့ သမီးရည်းစားလိုနေကြပေမယ့် သူဇာက တခြားကျောင်းသူတွေနဲ့ တရင်းတနှီး ပြောဆိုနေထိုင်ရင်း ခင်ပပက သဝန်တိုပြီး သူဇာ့ကို လက်သီးနဲ့ထိုးတာ၊ ဆွဲဆိတ်တာ၊ ဆူပူကြိမ်းမောင်းတာတွေလုပ်လာတော့ သူဇာက ပပကို ကြောက်လည်းကြောက်၊ စိတ်လည်းကုန်လာတယ်။ စန္ဒာညွန့်က သူဇာ့ကို စိတ်ဝင်စားနေတော့ သူဇာ့ကို နှစ်သိမ့်ရင်း သမီးရည်းစားလို ဖြစ်သွားတဲ့အခါ ခင်ပပက သူ့ရည်းစားလုရပ့ါမလားဆိုပြီး စန္ဒာညွန့်ကို လက်သီးနဲ့ ထိုးလိုက်တာပါ။ လက်သီးက သိပ်မပြင်းပေမယ့် နှာခေါင်းကို ထိုးလိုက်လို့ နှာခေါင်းသွေးယိုသွားတာပါ ဆရာမကြီး'

'ဆရာမရေ ဒီကိစ္စအမြန်ဖြတ်မှဖြစ်မယ်။ သွေးထွက်သံယို ဖြစ်သွားတာဆိုတော့ စန္ဒာညွန့်မိဘတွေက ကျောင်းက ဘာမှအရေးမယူဘူးဆိုပြီး အပြစ်တင်လိမ့်မယ်။ ခုချက်ချင်း မိဘသုံးဦးစလုံးကို အခေါ်ခိုင်းပါ။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ချက်ချင်း အရေးပေါ် အစည်းအဝေးခေါ်ပါ'

မကြာမီ မိဘတွေနဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေ ရောက်လာတဲ့အခါ ဒေါ်အုန်းရီက ဖြစ်စဉ်ကို ပြောပြပါတယ်။ မသီတာက 'ဆရာမ ဒေါ်အုန်းရီ ရှင်းပြတဲ့အတိုင်း ယောကျ်ားစိတ်ဝင်နေတဲ့ ခင်ပပက သူဇာနဲ့ အချစ်တော်ထားတယ်။ သမီးရည်းစားတွေလို အမြင်မတော်အောင်နေလို့ မိဘတွေကို အသိပေးပြီး သတိပေးလက်မှတ်ထိုးတာ မိဘတွေအသိဖြစ်ပါတယ်။ ခင်ပပက ယောကျ်ားလို သဝန်တိုစိတ်အားကြီးပြီး သူဇာ့ကို ရိုက်နှက်ဆဲဆိုလို့ သူဇာက စန္ဒာညွန့်နဲ့တွဲတဲ့အခါ ခင်ပပက သူ့ရည်းစားကို လုတယ်ဆိုပြီးတော့ လက်သီးနဲ့ ထိုးလိုက်တာပါ။ မိဘများအနေနဲ့ ဒီကိစ္စမှာ ဘာများပြောချင်ပါသလဲ'

ခင်ပပ အဖေက 'ကျွန်တော့်သမီးက လက်သီးနဲ့ထိုးတာဆိုတော့ ကျွန်တော့်သမီးက လွန်ပါတယ်။ ဆေးကုသစရိတ်ကိုလည်း ပေးပါ့မယ်။ တောင်းလည်း တောင်းပန်ပါ့မယ်။ ကျွန်တော့်သမီးက အစ်ကို ငါးယောက်ကြားမှာ ကြီးလာတဲ့ တစ်ဦးတည်းသော အငယ်ဆုံးသမီးဖြစ်နေလို့ ငယ်စဉ်ကတည်းက ယောကျ်ားစိတ်ပေါက်နေတာပါ။ မိန်းကလေးလို ထဘီဝတ်ပေးလို့ မရပါဘူး။ ကျောင်းမှာတော့ ယောကျ်ားလေးလို မဝတ်ရဆိုတဲ့ စည်းကမ်းကြောင့် မိန်းကလေးလိုဝတ်ပေမယ့် ကျောင်းပြင်ပမှာတော့ ယောကျ်ားလေးလိုပဲ ဝတ်ပါတယ်။ ယောကျ်ားလေးတွေနဲ့ပဲ အပေါင်းအသင်းလုပ်ပါတယ်။ ကျွန်တော်တို့လည်း ငယ်စဉ်ကတည်းက ဆုံးမသွန်သင်ပဲ့ပြင်ခဲ့ပေမယ့် မရတာဟာ ကျွန်တော်တို့ရဲ့ အပြစ်ပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်သမီးရဲ့အပြစ်မို့ ကျောင်းက ပေးတဲ့ အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူပါမယ်။ တောင်းလည်း တောင်းပန်ပါမယ်။ နောင်မဖြစ်ရအောင် တာဝန်ယူပါမယ်လို့ ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါမယ်'

စန္ဒာညွန့်အဖေကတော့ 'ကျွန်တော့်သမီးက အထိုးခံရသူဖြစ်လို့ နစ်နာသူဖြစ်ပါတယ်။ နှာခေါင်းဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်။ အထူးကုနဲ့လည်း ပြကြည့်ပါမယ်။ ဒီကိစ္စမှာ ကျွန်တော့်သမီး ပယောဂ မကင်းတာကြောင့် ဝတ္တရားမကျေလို့ ဖြစ်ရတာမို့ အားလုံးကို တောင်းပန်ပါတယ်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကပေးတဲ့ အပြစ်ဒဏ်ကိုလည်း ကျေနပ်စွာခံယူပြီး ဝန်ခံကတိလက်မှတ်ထိုးပါမယ်'

သူဇာ့ အဖေကလည်း သူ့သမီးကြောင့် ဖြစ်ရတာမို့ အားလုံးကို တောင်းပန်ကြောင်းနဲ့ ပေးတဲ့အပြစ်ကို ခံယူမည်ဖြစ်ကြောင်း ပြောပါတယ်။

'မိဘတွေအားလုံး အဖြစ်မှန်ကို သိကြပြီးဖြစ်လို့ နောင်မှာ မလိုလားအပ်တာတွေ မဖြစ်အောင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နဲ့ ဆွေးနွေးတိုင်ပင်ပြီး မနက်ဖြန် ၁၀ နာရီမှာ ပြန်တွေ့ပါမယ်'လို့ မသီတာ ပြောအပြီးမှာ ခင်ပပရဲ့ အဖေက 'ကျွန်တော့်သမီးက ကျောင်းထုတ်ခံရလောက်တဲ့ သွေးထွက်သံယိုဖြစ်စေတဲ့ ပြစ်မှုကို ကျူးလွန်တာမို့ ကျွန်တော့်သမီးကို ကျွန်တော့်ဆန္ဒအရ ကျောင်းထုတ်သွားပါမယ်'

ဒေါ်အုန်းရီကတော့ အစိုးရစစ်စာမေးပွဲဖြေရမယ့်အတန်းဖြစ်လို့ သေသေချာချာ စဉ်းစားဖို့နဲ့ ကျောင်းမထွက်သင့်ကြောင်း သတိပေးပါတယ်။

'အခုမှ နှစ်စရှိသေးတယ်ဆိုတော့ ကျွန်တော့် ညီအရင်းထောင်ထားတဲ့ ကျူရှင်မှာ ကျောင်းဆက်ထားပါ့မယ်။ ပညာရေးအတွက် မိဘအနေနဲ့ မနစ်နာရအောင် သူ့အနာဂတ်လှပဖို့ ကျောင်းပြောင်းပြီး စာမေးပွဲအောင်အောင် လုပ်ပေးမှာပါ ဆရာမ' စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ သူဇာနဲ့ စန္ဒာညွန့်ကို တစ်တန်းထဲမထားဘဲ အတန်းခွဲထားလိုက်ပါတယ်။ နောင်အချစ်တော် မထားပါဘူးဆိုတာကို မိဘများပါ တာဝန်ယူ ကတိပြုလက်မှတ်ထိုးစေခဲ့ပါတယ်။

တစ်ပတ်လောက်ကြာတော့ သူဇာ့အဖေ မသီတာထံ ရောက်လာပြီး 'ဆရာမကြီးရေ… လက်သီးနဲ့ ထိုးတဲ့ကိစ္စမှာ ကျွန်တော့်သမီးကြောင့် ဖြစ်ရလို့ တောင်းပန်ပါတယ်။ သမီးကိစ္စကြောင့် စိတ်ညစ်နေတုန်း မနေ့က ကျွန်တော့်ကို ရာထူးတိုးပေးပြီး နေပြည်တော်ကို ပြောင်းဖို့ ဌာနဆိုင်ရာ အမိန့်ကျလာပါတယ်။ ဒါကြောင့် ဒီတစ်ပတ်အတွင်း ကျွန်တော်တို့မိသားစု နေပြည်တော်ကို ရာထူးတိုးနဲ့ပြောင်းရမှာမို့ သမီးအတွက် ကျောင်းထွက်လက်မှတ်လာယူတာပါ'

အခုမှပဲ မသီတာ ဘဝင်အေးရတော့တယ်။ လက်သီးနဲ့ ထိုးတဲ့ ခင်ပပက မိဘဆန္ဒအရ ကျောင်းပြောင်းသွားတယ်။ ရည်းစားနှစ်ယောက်ထားတဲ့ အမွှေစိန်မ မသူဇာ့အဖေ ရာထူးတိုးလို့ ကျောင်းပြောင်းသွားတယ်ဆိုတော့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းအဆုံးသတ်သွားလို့ မသီတာနဲ့ ဒေါ်အုန်းရီ သက်ပြင်းချနိုင်ပါတော့တယ်။ ဒါပေမဲ့ အမျိုးသမီးချည်းရှိတဲ့ကျောင်းမှာ A.C.T ခေါ် အမျိုးသမီးအချင်းချင်း အချစ်တော်ထားတဲ့ ကိစ္စတွေကို မသီတာတစ်ယောက် အနည်းနဲ့အများ တွေ့နေရဦးမှာဖြစ်ပါတယ်။

**အေးအေးခိုင်(ပညာရေး)**

## ကျွန်းလှမြို့နယ်၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်သည် ပြောင်းသီးနှံ အဓိကစိုက်ပျိုးသောဒေသတစ်ခုဖြစ်ပြီး ယခုနှစ်ဆောင်းရာသီ၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

'ကျွန်းလှမြို့နယ်မှာ ဒီနှစ်ဆောင်းရာသီ ဖူးစားပြောင်းစိုက်ပျိုးဖို့ ၁၃၃၇ ဧက လျာထားပြီး လက်ရှိအချိန်အထိ ၁၃၃၈ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်စိုက်ပျိုးကြပါတယ်။ ဖူးစားပြောင်းသီးနှံမှာ တောင်သူ တွက်ချေကိုက်သီးနှံဖြစ်ပြီး ပြောင်းရိုးကိုလည်း ကျွဲ၊ နွားစာအဖြစ် အသုံးဝင်တဲ့အတွက် တိုးချဲ့စိုက်ပျိုးကြပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။ **(ယာပုံ)**

အဆိုပါ ပြောင်းစိုက်ခင်းများ ပိုးမွှားကင်းစင်ပြီး အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖောငမြောင်ပိုးကျရောက်မှု ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်လိုက်နာကျင့်သုံးရေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၀)**



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၀**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကင်/ချောင်း)သို့ သွားရောက်၍ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထား ကြိုးစားရန်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံကုံလုံစွာ ဖွံ့ဖြိုးလာအောင် ကြိုးစားပြုစုပျိုးထောင် အားထုတ်ကြရန်လိုပါကြောင်း၊ ကျောင်းနေအရွယ် လွန်ပြီးနောက်လည်း လူသားတစ်ဦးအနေဖြင့် အဆိုပါ ဗလငါးတန် ရှင်သန်ကြီးထွားကြီးပွားဖွံ့ဖြိုးတိုးတက်နေအောင် ကျောင်းသား၊ ကျောင်းသူ လူငယ်များကိုယ်တိုင်က သင်ယူလေ့လာဆည်းပူးခြင်း၊ ဖြည့်ဆည်းပျိုးထောင်ခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း (ကင်/ချောင်း)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)





## ရှာဟောင်းကြီး Buddhist Complex ရှိ စေတီပုထိုးများ၊ အုတ်ကျောင်းများ၊ တံတိုင်းများ တူးဖော်

**ပုဂံ ဇန်နဝါရီ ၁၀**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ "နိုင်ငံ ဂုဏ်ပြုယဉ်ကျေးမှု" ဆောင်ပုဒ်နှင့်အညီ ဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုကို ခံယူ၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ မူလသွင်ပြင်စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး၊ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့နေစေရေး တူးဖော်သုတေသနလုပ်ငန်းများ၊ ကာကွယ်ထိန်းသိမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် "ရှာဟောင်းကြီး Buddhist Complex ရှိ ရှေးဟောင်းစေတီပုထိုးများ၊ အုတ်ကျောင်းများ၊ တံတိုင်းများ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တူးဖော်သုတေသနပြုခြင်း(ဆွေးမြေ့အုတ်များဖယ်ရှားခြင်း၊ အုတ်အစားထိုးဖြည့်စီခြင်း)လုပ်ငန်း" အား ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၅ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူး ဦးညီမွန်း ဦးဆောင်သည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အဆိုပါ တူးဖော်သုတေသနပြုလုပ်ငန်းခွင်သို့ ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## ပြည်ထောင်စုနေ့အကြိုဟောပြောပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကျေးသီး ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကျေးသီးမြို့ အခြေခံပညာမူလတန်းကျောင်း(မူလွန်)လုံပုန်၌ ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး)ဒေါ်စန်းစန်းယဉ်က ပြည်ထောင်စုနေ့ အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာ အသုံးပြုကာ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုရေးတို့ကို ဟောပြောခဲ့သည်။

(အောက်ပုံ)

အဆိုပါအသိပညာပေး လုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသူ၊ ကျောင်းသားများ လေ့လာနိုင်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ နံရံကပ်စာစောင်များ၊ ရသစာအုပ်၊ စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပြာသိုလသည် အမေ့ဂုဏ်ရည်တည်

* မြင်းမိုရ်တောင် တုပြိုင်ရှုံးပါတဲ့
အကြီးမြတ်ဆုံး မေ့မေ့မေတ္တာ ။

* ချစ်တတ်ခြင်းဖြင့် ငွေရောင်လက်
အသက်ထက်ကြင်နာ ။

* လောကခံလမ်း တုယှဉ်ကာ
ရှန်းထစွာ မေတ္တာထား ။

* သမီး၊ သားကို ရင်ဝယ်ထွေးပါလို့
ပေးဆပ်စွန့်စား ။

* ညအမှောင်ကို လင်းလက်အားရယ်နဲ့
ဝင်းပကြား လမင်းလို ။

* အပြုံးလွှာတွေ ဖြန့်ကြက်ခင်း
ချစ်ခြင်းကွယ့်ပို ။

* မကာရ လပြာသို
ပန်းခွာညို ပွင့်သလိုပ ။

* ရန့်ဖြာရည် မေတ္တာစစ်ရယ်နဲ့
ထုဆစ်အနန္တ ။

* လောကအလယ် ဘေးမခဖို့
ကြင်ယုယ စောင့်ရှောက်ပေ ။

* ပုခက်လွှဲတဲ့ အမေ့လက်
လှမ်းဆက်မသေွ ။

* သမုဒယနဲ့ ရစ်ကာခွေ
သွယ်မြစ်ရေ မာန်ခတ်ကူး ။

* အစုန်သာရှိ အဆန်မရှိပါလို့
များဘိကျေးဇူး ။

* အမေ့မေတ္တာ ဂုဏ်ရည်ထူးကိုပ
မှန်းရွယ်စူး လအခါ ။

* ပြာသိုလဟု သမုတ်ထား
မြတ်အားကြီးစွာ ။

* ကြီးမားလှတဲ့ ကျေးဇူးအလွှာ
ပြစ်မှားရာ ပြေစေမူ ။

* တောင်းပန်အခါခါ ဦးညွှတ်ချပါလို့
ဝန်ချပန်ပြု ။ ။

မင်းမြတ်မိုး(မန်းမြေ)

## ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့် သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းအမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လွှဲပြောင်းလက်ခံသူအမည် |
|---|---|---|---|---|
| ၁။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၂) | ဒေါ်ညွန့်ညွန့်ဝေ ၉/မနမ(နိုင်)၀၈၂၄၁၄ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၂။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၃) | ဦးတင်အုန်း ၉/မရမ(နိုင်)၀၄၅၀၅၉ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၃။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၄) | ဒေါ်မြင့်မြင့်ဝင်း ၉/မရမ(နိုင်)၀၄၅၀၅၇ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၄။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၅/၆) | ဒေါ်နွယ်နွယ် ၉/မနတ(နိုင်)၀၃၂၇၄၇ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၅။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၃၀) | ဦးမောင်မောင်လတ် ၉/မရတ(နိုင်)၀၆၆၇၈၆ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၆။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၃၇) | ဒေါ်ခင်ထွေး ၉/မရမ(နိုင်)၀၈၀၇၂၄ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၇။ | အဆင့်မြင့်ဈေးချို | မြေညီထပ်၊ ဆိုင်အမှတ်(၆၄) | ဦးအောင်ကျော်နိုင် ၁၂/ဥကတ(နိုင်)၀၀၆၁၄၂ | ဒေါ်ရွှေလှ ၉/မရမ(နိုင်)၀၅၃၇၇၂ |
| ၈။ | (၂၈) ဈေးချို | ဆိုင်အမှတ်(၁၇၈) | ဦးအောင်ဖေယျ ၉/မရမ(နိုင်)၀၀၅၅၀၆ | ဦးသူရနိုင် ၉/အမဇ(နိုင်)၀၄၀၀၈၅ |
| ၉။ | ဈေးချို၊ ဈေးပိုင်း | သီးသန့်တန်း၊ ဆိုင်အမှတ်(၅-ဂ) | ဒေါ်မြင့်မြင့် ၉/မနတ(နိုင်)၀၆၈၉၁၁ | ဒေါ်စန်းစန်းဝေ ၉/မနမ(နိုင်)၀၇၈၈၂၁ |
| ၁၀။ | ဈေးချို | ထီးတိုင်၊ ဆိုင်အမှတ်(၅၃) | ဦးအာကာဖြိုး ၉/မဟမ(နိုင်)၀၃၂၅၂၈ | ဒေါ်ရင်ရင်ဝင်း ၉/မတရ(နိုင်)၁၁၁၃၈၇ |
| ၁၁။ | ဈေးချို | ထီးတိုင်ရုံ၊ ဆိုင်အမှတ်(၁၈၆) | ဦးသန်းအောင် ၉/မရမ(နိုင်)၁၁၀၉၂၂ | ဒေါ်သူဇာဝင်း ၉/ခမစ(နိုင်)၀၀၁၀၆၁ |
| ၁၂။ | ဈေးချို | ထီးတိုင်ရုံ၊ ဆိုင်အမှတ်(၁၈၉) | ဒေါ်စန်းစန်းမေ ၉/မနမ(နိုင်)၀၅၀၃၈၂ | ဒေါ်စင်မာမြင့် ၉/မနတ(နိုင်)၀၉၆၆၁၄ |
| ၁၃။ | သီရိမာလာဈေး | ကမ်းနားလမ်းမျက်နှာစာမြို့(၄၄) | ဦးတင်ဦး ၁၃/မဆန(နိုင်)၀၀၃၇၂၃ | ဒေါ်နွယ်နွယ် ၅/စကန(နိုင်)၁၀၇၃၁၉ |
| ၁၄။ | မြနန္ဒာဈေး | လူနေတိုက်ခန်း(၅၃) | ဦးကျော်လှိုင် WMDY-၃၁၉၈၉၂ | ဦးရန်နိုင် ၁၃/လရန(နိုင်)၂၄၇၄၀၇ |
| ၁၅။ | မြနန္ဒာဈေး | (E)ရုံ၊ ဆိုင်အမှတ်(၁၁၃) | ဒေါ်နန်းခမ်းမိုင် ၁၃/လရန(နိုင်)၁၂၄၄၁၀ | ဒေါ်ယဉ်မွန်အောင် ၉/ခမစ(နိုင်)၀၂၅၃၉၅ |
| ၁၆။ | ချမ်းမြရွှေပြည်ဈေး | ပွဲရုံငယ်၊ ဆိုင်အမှတ်(၁၂၆) | ဦးသံဂေါလီ ၉/မရမ(နိုင်)၀၇၀၆၉၆ | ဦးလှထွန်း ၉/အမဇ(နိုင်)၀၁၄၉၈၃ |
| ၁၇။ | ချမ်းမြရွှေပြည်ဈေး | အလယ်ရုံ(၅)၊ ဆိုင်အမှတ်(၂၆/၃၄) | ဦးဆီပါကိုး ၉/မရမ(နိုင်)၀၇၈၃၄၇ | ဦးဘိုဘိုအောင် ၉/ပကခ(နိုင်)၀၇၈၆၁၃ |
| ၁၈။ | ချမ်းမြရွှေပြည်ဈေး | အလယ်ရုံ(၅)၊ ဆိုင်အမှတ်(၃၁) | ဦးအောင်သိန်း ၈/မလန(နိုင်)၀၅၂၅၁၅ | ဦးဘိုဘိုအောင် ၉/ပကခ(နိုင်)၀၇၈၆၁၃ |
| ၁၉။ | မဟာမြိုင်ဈေး | (C)ရုံ၊ ဆိုင်အမှတ်(၃၈) | ဒေါ်ခင်စိန် ၉/မရမ(နိုင်)၀၄၉၈၆၇ | ဦးသော်ဇင်လင်း ၅/စကန(နိုင်)၁၇၄၀၆၃ |

ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ အကွက်အမှတ်(၆၀၄)၊ ဦးပိုင်အမှတ်(၃၉/၂)၊ ဧရိယာ (၁ ဒသမ ၂၄)ဧက၊ ဦးကျော်ဆွေ အမည်ဖြင့် ချပေးထားသော ကိုင်းမြေကွက်ထဲမှ အရှေ့အနောက် ပေ ၄၀၊ တောင်မြောက် ပေ ၂၀ အကျယ်အဝန်းရှိ မြေကွက်နှင့် နံကပ်(၂)ထပ်၊ ရေ+မီး အပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဦးမွေးကြည်(ဘ)ဦးဂေါ်ရာ(၅/စကန(နိုင်)၃၀၄၅၈၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး နောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## ဦးစိုးဝင်း(ဘ)ဦးညွန့်မောင်(၉ /မနမ(နိုင်)၀၆၄၃၈၂)၊ ၂၆(E)လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ မန္တလေးမြို့နေသူအား အသိပေးအကြောင်းကြားခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၀(C)လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြားနေ ဦးသန်းအောင်(၈/စလန (နိုင်)၁၀၉၀၃၀)ကိုင်ဆောင်သူ၏လွှဲအပ်ချက်အရ လူကြီးမင်းအား အောက်ပါအတိုင်း အကြောင်းကြားသိစေအပ် ပါသည်။

လူကြီးမင်းနှင့် ဦးသန်းအောင်တို့သည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၁၂)အတွင်းမှ မြောက်ဘက်အစွန်းဆုံးအခြမ်း ဧရိယာ ပေ(၂၀×၄၀) ဂရန်မြေကွက် တစ်ခြမ်းအား နှစ်ဦးသဘောတူအရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆိုပြီး အဆုံးအပိုင်လွှဲပြောင်းရောင်းချခဲ့ကြပါ သည်။ လူကြီးမင်းမှ ရောင်းချလိုက်သည့်မြေကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူကတိပြုထားသော်လည်း မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အမွေဆက်ခံစာချုပ်၊ ကျမ်းကျိန်ချက်စာချုပ်စာတမ်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လူကိုယ်တိုင်သော်လည်း ကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်းအကြိမ်ကြိမ် ဆက်သွယ်သော်လည်း အတွေ့မခံဘဲ ရှောင်နေခဲ့သည်ဟု သိရှိရ ပါသည်။

လူကြီးမင်းသည် မူလပိုင်ရှင် ဒေါ်ခင်အေးစော(ပါ-၅)ဦးတို့က ဦးစိုးဝင်းနှင့် တွေ့ဆုံရန်လိုအပ်ကြောင်း ၎င်းတို့က လိုအပ်ချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူထားသော်လည်း ဦးစိုးဝင်းမှ လာရောက်တွေ့ဆုံခြင်းမရှိ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူလိုက်သည့် မြေကွက်အထောက်အထားများ ပြည့်စုံခြင်းမရှိ ဖြစ်ပေါ်နေကြောင်း၊ သို့ဖြစ်၍ လူကြီးမင်း ဦးစိုးဝင်းအနေဖြင့် အရောင်းအဝယ်ကတိပြုထားသည့်အတိုင်း လာရောက် တွေ့ဆုံပါရန် အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးသန်းအောင်**
**(၈/စလန(နိုင်)၁၀၉၀၃၀)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်မြင့် (LL.B) (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅ /၁၁-၁၀-၁၉၈၅)**
**မဟာမြိုင်(၁)၊ အပိုင်း(၆)၊ အောင်သိဒ္ဓိလမ်းသွယ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၉၆၅၅၁**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၁၆-က-၂)၊ ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၁၆-က-၂)၊ (ပေ၁၀×ပေ၃၀) အကျယ် အဝန်းရှိ မြေကွက်မှာ ဦးအောင်တုပ် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ များဖြစ်သည့် ဦးထိန်လင်း(ဘ)ဦးခင်မောင်သန်း(၉/မထလ(နိုင်)၃၀၈၄၆၂)နှင့် ဒေါ်စန်းရွှေ(ဘ)ဦးခင်မောင်(၉/မထလ(နိုင်)၂၀၉၈၂၁)ကိုင်ဆောင်သူတို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေအပြေအကြေကို ပေးချေထားပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်ထားသည့် အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ၎င်းမြေကွက်ကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)မီတာ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူများဟု အဆိုပြုသူများ ဖြစ်သော ဦးစန်းမောင်(ဘ)ဦးချစ်(၉/မရတ(နိုင်)၀၉၆၃၅၉)ကိုင်ဆောင်သူနှင့် ဒေါ်စန်းတင်(ဘ)ဦးသောင်း(၉/မရတ(နိုင်)၀၉၆၃၅၈) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိရှိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မျိုးခင်ကျော် (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ပုံ့ပုံ့ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**၁၃၁လမ်းနှင့် ၁၃၂လမ်းကြား၊ ၅၄-စီလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၄၃၁၇၂၆၉၇ ၊ ၀၉-၄၀၂၅၇၂၃၀၁၊ ၀၉-၉၇၄၇၇၇၇၈၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်အမှတ်(၅၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးကျော်ရင် အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်စိမ်းစိမ်းလွင်(ဘ)ဦးသိန်းအေး(၅/ငဇန(နိုင်)၀၅၅၁၄၄)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုလတ် (LL.B) ဒေါ်ဝါဝါကို (LL.B) ဦးအောင်နိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးရပ်ကွက်၊ အကွက်အမှတ်(၅၆၉)၊ ဦးပိုင်အမှတ်(၃၈)၊ မြေကွက်ပေါ်တွင် ဒေါ်ရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၂/တမရ(နိုင်)၀၄၄၅၄၂)က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ ဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၁၁၅-က/၉)၊ မြေကွက်ပေါ်တွင် ဒေါ်မီမီသက် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ခအဇ(နိုင်) ၀၀၂၁၉၀)က နံကပ်(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၂)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်ပေါ်တွင် ဒေါ်သင်းသင်းလှိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/မကန(နိုင်) ၀၀၀၁၆၀)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၁၀၀-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်မေဆုချင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/တမည(နိုင်) ၀၀၂၇၂၇)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက် ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏တောင်ဘက် ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်မှ လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်အစောပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏တောင်ဘက် ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လှေတစ်စင်း ရေဝင် နစ်မြုပ်နေကြောင်း ဇောတိကရေနံစင်၏ အထောက်အကူပြုရေယာဉ်များ၏ သတင်းပေးပို့မှုအရ ပင်လယ်ပြင်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းနှင့်မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းတို့သည် ဇောတိကရေနံစင်၏ အထောက်အကူပြုရေယာဉ်များနှင့် ပူးပေါင်းပြီး သွားရောက်၍ ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ခဲ့ရာ အဆိုပါလှေပေါ်၌ လိုက်ပါလာသူများအနက် ၈၆ ဦးတို့ကို စစ်ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်စဉ်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆိုပါ ရေဝင်နစ်မြုပ်ခဲ့သည့် လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများအား သက်ဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြန်လည်လွှဲပြောင်း ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျ စောင့်ရှောက်ထားကြောင်း သိရသည်။

သတင်းစဉ်

## စပိန်လာလီဂါပွဲစဉ် (၁၉)တွင် အိုဗီဒိုနှင့် ဘက်တစ်တို့ သရေကျ ဗီလာရီးရဲလ်အသင်းက အလာဗက်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဇန်နဝါရီ ၁၀**

စပိန်လာလီဂါပွဲစဉ်(၁၉)တွင် အိုဗီဒိုနှင့် ဘက်တစ်တို့ သရေကျခဲ့ပြီး ဗီလာရီးရဲလ်အသင်းက အလာဗက်စ်အသင်းကို အနိုင်ရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက အိုဗီဒိုနှင့် ဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အိုဗီဒိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ချီယာရာ၊ ဘက်တစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၃မိနစ်တွင် ဆဲလ်ဆိုက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်က ဗီလာရီးရဲလ်အသင်းနှင့် အလာဗက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက အလာဗက်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် မိုလီရို၊ ပွဲချိန် ၅၅ မိနစ်တွင် မိုရီနို၊ ပွဲချိန် ၇၅ မိနစ်တွင် ဂျေရာ့ချ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

စပိန်လာလီဂါပွဲစဉ်(၁၉) ယှဉ်ပြိုင်ကစားအပြီးတွင် ဗီလာရီးရဲလ်အသင်းက ရမှတ် ၄၁ မှတ်ဖြင့် အဆင့် (၃)နေရာ၊ ဘက်တစ်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၆)နေရာ၊ အလာဗက်စ်အသင်းက ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၁၆)နေရာ၊ အိုဗီဒိုအသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့် (၂၀)နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

(NGB)



## မန်စီးတီးအသင်းက အိတ်စတာအသင်းကို ဂိုးပြတ်အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၁၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီခွဲက ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းနှင့် လိဂ်ဝမ်းကလပ် အိတ်စတာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက အိတ်စတာအသင်းကို ၁၀ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းသည် ကစားသမားအစုံအလင်ဖြင့် အိတ်စတာအသင်းကို ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် လည်း မန်စီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။

(NGB)

